# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၁)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာ *စာမျက်နှာ ၅ ကော်လံ ၁* ◆

**ယနေ့** *ဖတ် စ ရာ*

### နိုင်ငံတော်၏ ပညာရေးအရည်အသွေး မြှင့်တင်ရေးနှင့် ဆရာအင်အား ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်းပါး စာ ၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ *စာမျက်နှာ ၃ ကော်လံ ၁* ❖

### တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကြေညာချက်အမှတ် (၄ /၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
နာယက

### တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ( ၃ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ခင်ရီ
ဥက္ကဋ္ဌ

### တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် ( ၂ /၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

### အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၃၁ - ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း -အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ဉာဏ်ပညာအလင်းရောင်ဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးဆောင်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၃၆၇၃ ဦး အောင်မြင်ခဲ့ပြီး တစ်နိုင်ငံလုံး၏ အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သည်။ တက္ကသိုလ်ဝင် စာမေးပွဲသည် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ အနာဂတ်အတွက် အလွန်အရေးပါသော အချိုးအကွေ့ တစ်ခု ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှသာ အဆင့်မြင့်တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရရှိနိုင်ပြီး စာမေးပွဲတွင် ရရှိသည့် အမှတ်စာရင်းအပေါ်မူတည်၍ မိမိဝါသနာပါရာ အသက်မွေးဝမ်း ကျောင်းပညာရပ်များကို ရွေးချယ်ခွင့်ရရှိခြင်းဖြစ်ရာ တက္ကသိုလ်ဝင် စာမေးပွဲသည် အဆင့်မြင့်ပညာရေးသို့ ဆက်လက်ဝင်ရောက်နိုင်သည့် တံခါးပေါက်ပင်ဖြစ်သည်။ အလုပ်အကိုင်ရှာဖွေမှုတွင်လည်း လုပ်ငန်းခွင်အများစုက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုကို အခြေခံပညာရေးအရည်အချင်းတစ်ခုအဖြစ် အသိအမှတ်ပြု တောင်းဆိုကြသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူတို့၏ ဘဝရည်မှန်းချက်အိပ်မက်များကို အကောင်အထည်ဖော်ရန် ပထမဆုံးခြေလှမ်းများပင်ဖြစ်သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက်တွင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် ''ထူးချွန်ကျောင်းသား ကျောင်းသူများကို အလေးအနက်ထား မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝ ပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင် လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့် လုပ်ရပ်များနှင့် နိုင်ငံကိုအကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်းအပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှု မှန်သမျှတွင် သေသေချာချာစဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွား အတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း'' ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့လူငယ် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်ကို အနာဂတ်တွင် တာဝန်ယူတည်ဆောက်သွားကြရမည့်သူများဖြစ်သည်။ အထူးသဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများသည် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူဆည်းပူးပြီး မိမိတို့ တတ်မြောက်ကျွမ်းကျင်သည့် ပညာရပ်များဖြင့် ကျရာကဏ္ဍအသီးသီးမှ နိုင်ငံကိုဖန်တီးပုံဖော်သွားကြရမည့်သူများဖြစ်သည်။ သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူများသည် မည်သည့်ဘာသာရပ်ကို အထူးပြုသင်ယူကြသည်ဖြစ်စေ မိမိနိုင်ငံနှင့်ပတ်သက်သမျှတို့ကို ကောင်းမွန်စွာ သိရှိနားလည်ထားကြရန်လိုသည်။ မိမိတို့၏ရေမြေတောတောင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို ချစ်မြတ်နိုးကြရန်လိုပြီး နိုင်ငံနှင့်လူမျိုး၏ သမိုင်းကြောင်းကို မှန်ကန်စွာသိရှိနားလည်၍ ဂုဏ်ယူတတ်ရန်၊ သင်ခန်းစာယူတတ်ရန်လိုသည်။ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်ကြရန်လည်းလိုသည်။

မိမိတို့နိုင်ငံသည် လူမျိုးအများအပြား စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး ဘာသာရေးကိုးကွယ်မှုကိုလည်း လွတ်လပ်စွာခွင့်ပြုထားသည်။ သို့ဖြစ်ရာ မတူကွဲပြားမှုများ အတူယှဉ်တွဲတည်ရှိနေခြင်း ဖြစ်သည့်အလျောက် အပြန်အလှန်လေးစားကြရန်၊ အပြန်အလှန်နားလည်ကြရန်နှင့် အခက်အခဲနှင့်တွေ့ကြုံရသည့်အခါများတွင် အချင်းချင်းရိုင်းပင်းကူညီကြရန်လိုသည်။ မတူကွဲပြားမှုများ စုပေါင်းနေခြင်းကို ခြားနားမှုအဖြစ်မရှုမြင်ဘဲ အင်အားအဖြစ် ရှုမြင်ကြရန်လိုသည်။ အရောင်အသွေးစုံလင်သည့်ပန်းများ ဖူးပွင့်နေသည့် ဥယျာဉ်သည် လှပတင့်တယ်သကဲ့သို့ မတူကွဲပြားမှုများဖြင့် အလှဆင်နိုင်သည့် စိတ်ထားကောင်းများ ကိန်းအောင်းကြရန်လိုသည်။

လူငယ်ဘဝ ကျောင်းသား ကျောင်းသူများ ပညာသင်ယူဆည်းပူးကြခြင်းသည် အမှန်နှင့်အမှား၊ ကောင်းမှုနှင့်မကောင်းမှုတို့ကို ဆင်ခြင်သုံးသပ် ခွဲခြားသိရှိနိုင်စွမ်းရှိကြစေရန်အတွက်လည်း ဖြစ်သည်။ အသိပညာအလိမ္မာနှင့်ပြည့်စုံသူသည် မိမိ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ဉာဏ်ပညာဖြင့် ထိန်းချုပ်နိုင်ကြသူများဖြစ်ပြီး လောကကောင်းကျိုးကို ပညာဖြင့်ထမ်းပိုးသယ်ဆောင်သူများဖြစ်ကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ဖြင့် ဖုံးလွှမ်းနေသည့် အမိုက်မှောင်ကို ဉာဏ်ပညာအလင်းရောင်ဖြင့် ထွန်းလင်းတောက်ပစေကာ နိုင်ငံနှင့်လူမျိုးတို့၏အကျိုးကို ဖော်ဆောင်ကြရပါမည့် အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချပြီး တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၆(မန္တလေး)၊ ၁၂/၂၀၂၆(ရန်ကုန်)၊ ၁၃/၂၀၂၆(မန္တလေး)၊ ၂၀/၂၀၂၆ (ဧရာဝတီ) နှင့်၂၄/၂၀၂၆(မွန်)စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆ (မန္တလေး)၊ ၂၅/၂၀၂၆ (မွန်)၊ ၂၆/၂၀၂၆ (ရှမ်း)နှင့် ၃၀/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ၃၁ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၉ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၀၀ | ၃၈၆၅ | ၃၈၁၅ | ၃၇၂၅ | ၃၈၆၅ | ၃၈၀၀ | ၃၉၁၅ | ၃၇၉၅ | ၄၁၆၀ | ၄၁၉၀ | ၃၈၁၅ | ၃၉၃၀ | ၃၉၀၅ | ၃၈၆၅ | ၃၈၇၅ | ၄၁၀၅ |
| 95 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၀ | ၃၈၃၀ | ၃၉၇၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၂၉၅ | ၃၉၂၀ | ၄၀၅၀ | ၄၀၁၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၁၀ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၈၅ | ၄၃၄၀ | ၄၂၅၅ | ၄၃၉၀ | ၄၄၀၅ | ၄၄၃၅ | ၄၃၂၀ | - | ၄၇၀၀ | ၄၃၄၀ | ၄၈၅၀ | ၄၄၂၅ | ၄၃၈၅ | ၄၃၉၅ | ၄၆၁၅ |
| HSD (50 ppm) | ၅၀၄၀ | ၅၂၈၅ | ၅၂၄၅ | ၅၀၅၅ | ၅၂၈၅ | ၅၃၀၀ | ၅၃၄၅ | ၅၂၂၅ | ၅၅၉၀ | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၈၅ | ၅၃၀၅ | ၅၅၃၅ |
| HSD (10 ppm) | ၅၀၄၀ | ၅၂၈၅ | ၅၂၄၅ | ၅၀၅၅ | ၅၂၈၅ | ၅၃၀၀ | ၅၃၄၅ | ၅၂၂၅ | | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၈၅ | ၅၃၀၅ | ၅၅၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၁၀ | ၃၆၁၄ |
| 95 Ron | ၃၆၁၃ | ၃၇၁၉ |
| HSD (500 ppm) | ၄၀၃၇ | ၄၁၄၇ |
| HSD (50 ppm) | ၄၈၉၅ | ၅၀၂၃ |
| HSD (10 ppm) | ၄၈၉၅ | ၅၀၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper

❖ ရှေ့ဖုံးမှ

နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## နိုင်ငံတော်အလံအလေးပြု

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသူလူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

## အဖိုးအနဂ္ဃထိုက်တန်သည့် အမြုတေရတနာ

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံကိုခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခန့်ညားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ်လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် အမြုတေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်းဖြစ်ကြကြောင်း။

> ❑ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင် လေ့လာစေလို
>
> ❑ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကိုအကျိုးပြုနိုင်အောင် ကြိုးစားကြစေလို
>
> ❑ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်

ယခုဆုနှင်းသဘင်ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရကျောင်းသား ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ်ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက်မြင့်မားကြသူများဖြစ်ကြပြီး ဇွဲလုံ့လဝီရိယနှင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့်အဆင့်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစားသွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာနှုန်းတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ ၆၇၄ ဦး၊ တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၃၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူ သုံးဦး၊ တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၅၀ ပေါ်ထွက်ခဲ့ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယနေ့အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင် ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင် ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်းဖြစ်သည်ကိုပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှုစသည့်အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏ စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဆိုပါက ၈၂ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယင်းကျောင်းများမှ သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုပညာသင်နှစ်ကစပြီး အခြေခံပညာအလယ်တန်းဆင့်၌ပါ သက်မွေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးနေပြီဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထူးချွန်ကျောင်းသား ကျောင်းသူများကို အလေးအနက်ထားမှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင် လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန်မှာကြားလိုကြောင်း။

ထိုကဲ့သို့ အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင် သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာဗဟုသုတပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့် အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့်အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက် ကျင့်သုံးလိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒီဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့်နည်းပညာ အခြေပြုစွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိ အသုံးချရန်လိုအပ်ကြောင်း၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း သတိပေးမှာကြားလိုကြောင်း။

နိုင်ငံတိုးတက်ရေး လူတိုင်းအလုပ်လုပ်ကြရန် အရေးကြီးပြီး မိမိတို့ အသက်အရွယ်အလိုက် ကျွမ်းကျင်ရာလိမ္မာရာ သင့်လျော်သည့်လုပ်ငန်းဆောင်တာများကို သမ္မာအာဇီဝရှိရှိ၊ အတ္တနှင့်ပရ မျှမျှတတ ဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်ကို အချည်းနှီးမဖြစ်စေရေး အကျိုးရှိရှိအသုံးချကြရမည်ဖြစ်ပြီး ပျင်းရိနေပါက အရာရာနောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုမိမိယုံကြည်ပြိုင်ပြီး တိုးတက်အောင် လုပ်ကြရန်နှင့် ရည်မှန်းချက်မြင့်မြင့်ထားပြီး စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**ကိုယ်ရည်ကိုယ်သွေးမြင့်မားအောင်ကြိုးစား**

ကျောင်းသားလူငယ်များအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့်အလေ့အကျင့်ကောင်းများရှိရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားမှုနှင့်အတူ ဝါသနာပါရာ အားကစားတစ်မျိုးမျိုးကို လေ့လာလိုက်စားသင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် နိုင်ငံတော်ကို အကျိုးပြုရာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ အားကစားစသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ဘဝအတွက် အားနည်း၍မရနိုင်သည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို အားလုံးက သတိရှိကြရန်မှာကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်အနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို ထိထိရောက်ရောက် အာရုံစိုက်ပြီး အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုမိမိတို့အစိုးရသစ်ကာလတွင် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး လူငယ်ရေးရာ မူဝါဒများ ချမှတ်ကာ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ တိုင်းတစ်ပါးနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးရကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့နိုင်ငံက သင်ပေးလိုက်သည့် ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘဝရှင်သန်ရပ်တည်ရေးအတွက် အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာရန်လိုသကဲ့သို့ ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြရန်လည်း သင်ယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် ပြည့်စုံရမည့် ဦးတည်ချက်များကို ချမှတ်သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားမြတ်နိုးပြီး အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လည်း လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ အဘက်ဘက်က ထူးချွန်ပြည့်စုံသည့် နိုင်ငံတော်က အားကိုးထိုက်သည့် လူတော်လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တန်ဖိုးရှိစွာနေထိုင်တတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန် လူရည်မွန်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် သစ္စာရှိရှိ အားမာန်အပြည့်ဖြင့် သယ်ပိုးထမ်းရွက်ကြရန်၊ နိုင်ငံ့အနာဂတ်ကို ပညာဖြင့်ထုဆစ်ပုံဖော်နိုင်သည့် ရှေ့ဆောင်လမ်းပြကောင်းများဖြစ်စေရေး ဘဝတွင်အောင်မြင်မှုများရအောင် ကြိုးပမ်းကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင်လည်း ကျရာကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်ကြသော မသီရိစိုး၊ မအေးချမ်းမြေ့၊ မောင်စည်သူဗိုလ်၊ မသက်နှင်းစံ၊ မောင်ဉာဏ်ဟိန်းဇေ၊ မမေဇင်ဖုန်းမြတ်၊ မအိကေဇင်၊ မသင်းပျံ့ပြည့်စုံခင်၊ မောင်ဘုန်းတေဇသွေး၊ မဆောင်းနှင်းဖြူနှင့် မခင်ငြိမ်းစုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။




အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူများက "ထူးချွန်သူတို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြစဉ်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးဆုရရှိသည့်ကျောင်းသား ကျောင်းသူ ၁၀ ဦးအားလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။



ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား အထက (၂) ပုသိမ်မှ မနှင်းဝင့်ထည် ကျေးဇူးတင်စကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသားလူငယ်များကို အရည်အသွေးမြင့် ပညာတတ်လူသားကောင်းများ ဖြစ်စေရန်အတွက် အဘက်ဘက်မှ စေတနာထား ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် လက်တွေ့ခံစားခဲ့ရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့် ရရှိခဲ့သည့် အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကိုရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ယခုကဲ့သို့အောင်မြင်မှုများ ရရှိခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အထောက်အပံ့ကောင်းများကြောင့်ဖြစ်သည်ကို လေးစားစွာတင်ပြလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို လေးလေးနက်နက်ခံယူပြီး နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် နေထိုင်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း၊ မိမိတို့လေ့လာသင်ယူခဲ့သည့် ပညာရပ်ဗဟုသုတများနှင့် အများအကျိုးသယ်ပိုးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပညာတတ်လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ချစ်မြတ်နိုးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်သွားမည်ဟု ထူးချွန်ကျောင်းသား ကျောင်းသူများကိုယ်စား ကတိပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက "ထူးချွန်သူတို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ထူးချွန်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

သွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ အချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁ (I - 1) သို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (သောကြာနေ့) ထက်မစော၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ပါသည်။ **သတင်းစဉ်**

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ အင်္ဂါနေ့ နံနက် ၁၀:၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်- ၁၉ (I -19)သို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက်မစော စက်တင်ဘာလ ၂၀ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ ပညာရေးအရည်အသွေး မြှင့်တင်ရေးနှင့် ဆရာအင်အား ဖွံ့ဖြိုးတိုးတက်ရေး

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးသည် ရေရှည်တည်တံ့သည့် အကျိုးကျေးဇူးကို ပေးစွမ်းနိုင်သော အဓိကဗဟိုချက်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။**

**ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)**

ကျောင်းသား လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်ပြီး ဆရာ ဆရာမများသည် ထိုလူငယ်များ၏ ဘဝကို လမ်းပြပေးမည့် "လမ်းပြကြယ်များ"ဖြစ်သောကြောင့် ပညာရေးမူဝါဒများ အောင်မြင်ရန်အတွက် မြေပြင်တွင် အမှန်တကယ် သင်ကြားမည့် ဆရာ ဆရာမအင်အား အပြည့်အဝ ရှိနေရန် မရှိမဖြစ် လိုအပ်လှပါသည်။ ပညာရေးမူဝါဒတွင် အရည်အသွေးရှိသည့် ပညာရေးနှင့် လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန် ရည်မှန်းထားသော်လည်း မြေပြင်၌ ဆရာအင်အား မလုံလောက်ပါက ထိုမူဝါဒများသည် အောင်မြင်နိုင်မည် မဟုတ်ပါ။

ထို့ကြောင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးရှိသည့် ပညာရေးစနစ်တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် အခြေခံပညာအဆင့် စာသင်ကျောင်းများတွင် သင်ကြားရေး ဆရာ ဆရာမ ပြည့်စုံလုံလောက်စွာရှိစေရေးမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရေးတကြီး ဖြည့်ဆည်းရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။

### ဆရာ ဆရာမ မလုံလောက်မှု၏ သင်ကြားသင်ယူမှု အရည်အသွေးအပေါ် သက်ရောက်နိုင်သည့် အကျိုးသက်ရောက်မှုများ

အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမ ဦးရေသည် ကျောင်းသားဦးရေနှင့် အပြည့်အဝ မမျှတသေးသည့် အခြေအနေများရှိနိုင်သဖြင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အပြည့်အဝ အာရုံစိုက်ပံ့ပိုးပေးရန် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ရနိုင်ပါသည်။ ထိုသို့သော အခြေအနေများသည် သင်ကြားရေး၊ သင်ယူရေးနှင့် အကဲဖြတ်ဆန်းစစ်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စေရန် ဆက်လက်အားဖြည့်ဆောင်ရွက်ရန် လိုအပ်မှုကို ဖော်ပြနေပါသည်။

လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများက သင်ကြားရေးတာဝန်များအပြင် ကျောင်းစီမံခန့်ခွဲရေးနှင့် အခြားပညာရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်ရသဖြင့် အချိန်နှင့် လုပ်ငန်းတာဝန်များကို မျှတစွာစီမံခန့်ခွဲရန် ကြိုးပမ်းရသည့် အခြေအနေများ ရှိနိုင်ပါသည်။ ထို့ကြောင့် ဆရာ ဆရာမများအား လိုအပ်သည့် ပံ့ပိုးကူညီမှုများနှင့် လုပ်ငန်းခွင်အထောက်အကူပြု အစီအစဉ်များကို ဆက်လက်တိုးမြှင့်ပေးနိုင်ပါက သင်ကြားရေးအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ဆရာ ဆရာမအင်အား မပြည့်စုံသေးသည့် ဒေသများရှိ ကျောင်းသားများသည် သင်ယူမှုအခွင့်အလမ်းများနှင့် ဘာသာရပ်အလိုက် သင်ကြားမှုများတွင် ဒေသအလိုက် ကွာခြားချက်အချို့ကို ကြုံတွေ့ရနိုင်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီသော ဒေသများတွင် ဆရာလိုအပ်ချက် ပိုမိုမြင့်မားနေသည့်အတွက် ဘာသာရပ်အချို့တွင် သင်ကြားမှုကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါသည်။

ထို့ကြောင့် ဆရာ ဆရာမအင်အားကို ဒေသအလိုက် မျှတစွာ ဖြန့်ဝေခန့်ထားခြင်း၊ အရည်အသွေးမြင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးခြင်းနှင့် နည်းပညာအခြေပြု သင်ယူမှုအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ခြင်းတို့သည် ကျောင်းသားအားလုံးအတွက် ပိုမိုမျှတသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပြီး ပညာရေးအရည်အသွေးကို ရေရှည်တိုးတက်စေရန် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

### KG+12 သင်ရိုးသစ်စနစ်၏ တောင်းဆိုချက်များနှင့် လက်တွေ့မြေပြင်မှ စိန်ခေါ်မှုများ

ပြောင်းလဲလာသည့် သင်ရိုးသစ်နှင့် သင်ကြားနည်းစနစ်များအရ ဆရာ ဆရာမအင်အား ယခင်ထက် ပိုမိုလိုအပ်လာပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခုသင်ရိုးသစ်နှင့် သင်ကြားနည်းစနစ်များတွင် ကျောင်းသားဗဟိုပြု သင်ယူရေးလှုပ်ရှားမှုများကို ပိုမိုအလေးထားဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် တစ်ဦးချင်း သင်ယူမှု၊ အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်မှု၊ အတန်းလိုက်ဆွေးနွေးမှုများကို ပြန်လည်သုံးသပ်၍ အဖြေထုတ်ခြင်းနှင့် ကျောင်းသားတစ်ဦးချင်း၏ သင်ယူတတ်မြောက်မှုကို သင်ယူနေစဉ်အတွင်း ဆက်လက်စစ်ဆေးအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရပါသည်။

သင်ကြားရေးတာဝန်ထမ်းဆောင်သည့် ဆရာ ဆရာမများက မိမိတာဝန်ကျရာအတန်းကို အချိန်ပြည့် တာဝန်ယူသင်ကြားနိုင်ရန် အရေးကြီးပါသည်။ သို့မှသာ သင်ယူသူတစ်ဦးချင်း၏ သင်ယူမှုတိုးတက်မှုကို အနီးကပ်လမ်းညွှန်ပေးနိုင်မည်ဖြစ်ပြီး သင်ရိုးသစ်၏ ရည်မှန်းချက်များကိုလည်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ဆရာ ဆရာမအင်အား မလုံလောက်သဖြင့် အတန်းများကို ပူးတွဲသင်ကြားရသည့် အခြေအနေများတွင် သင်ကြားသင်ယူမှု ရည်မှန်းချက်များကို အပြည့်အဝဖော်ဆောင်ရန် စိန်ခေါ်မှုအချို့ ရှိနိုင်ပါသည်။ အထူးသဖြင့် မူလတန်းနှင့် အလယ်တန်းပြဆရာများ၏ အရည်အချင်း သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အခွင့်အလမ်းများ ပိုမိုများပြားသော်လည်း အဆင့်မြင့်သင်ရိုးဖြစ်သည့် အထက်တန်းပြ ဆရာအရည်အချင်းပြည့်မီသူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်တိုအတွင်း လုံလောက်စွာ ဖြည့်ဆည်းနိုင်ရန်မှာ လက်တွေ့မြေပြင်အခြေအနေအရ အဆင့်လိုက် ဆောင်ရွက်ရန် လိုအပ်နိုင်ပါသည်။ ထို့ပြင် သတ်မှတ်ထားသည့် ပညာရေး အရည်အသွေးစံနှုန်းများကို ထိန်းသိမ်းခြင်းသည်လည်း အရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါသည်။

ထိုသို့သော အခြေအနေများကို ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအစီအစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သလို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

◆ **ဆရာ ဆရာမများသည် နိုင်ငံ၏ပညာရေးအရည်အသွေးကို မြှင့်တင်ပေးသည့် အဓိကအင်အားစုများဖြစ်သည့်အတွက် လုပ်ငန်းခွင်အတွင်း စိတ်ချမ်းသာပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးနှင့် လူမှုဘဝ အရည်အသွေးတိုးတက်ကောင်းမွန်လာရေးကို အားပေးမြှင့်တင်ရန် အရေးကြီး**

◆ **ဆရာအင်အားဖြည့်တင်းရေးမူဝါဒများ ချမှတ်ရာတွင် အရေအတွက်ပြည့်မီရေး တစ်ခုတည်းကိုသာ ဦးစားပေးမည့်အစား အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်ရေးနှင့် ဆရာအတတ်ပညာ လက်မှတ်ရရှိထားသူများကို စနစ်တကျခန့်အပ်အသုံးချရေးကို ဦးတည်ဆောင်ရွက်သင့်**

(၁) ကျောင်းများ၏ ဆရာ ဆရာမလိုအပ်ချက်များကို နှစ်စဉ်စနစ်တကျ သုံးသပ်အကဲဖြတ်၍ လိုအပ်ချက်အလိုက် ဆရာ ဆရာမအသစ်များကို အချိန်နှင့်တစ်ပြေးညီ ခန့်အပ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသအလိုက် ဆရာ ဆရာမအင်အား မျှတစွာ ဖြန့်ဝေခန့်ထားနိုင်ရေးအတွက် လူအင်အားစီမံခန့်ခွဲမှုစနစ်ကို ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(၂) အရည်အသွေးပြည့်မီသော ဆရာ ဆရာမများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးတက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးအစီအစဉ်များ၏ သင်ကြားရေးအရည်အသွေး၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် ဝင်ခွင့်အခွင့်အလမ်းများကို တိုးချဲ့အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဆရာ ဆရာမများအတွက် စဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(၃) ဝေးလံခေါင်သီဒေသများ၊ နယ်စပ်ဒေသများနှင့် ဆရာ ဆရာမလိုအပ်ချက် မြင့်မားသော ဒေသများတွင် တာဝန်ထမ်းဆောင်သည့် ဆရာ ဆရာမများအတွက် နေထိုင်မှုအဆင်ပြေစေရေး၊ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ အထောက်အပံ့များ၊ လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများနှင့် အားပေးချီးမြှင့်မှု အစီအစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဆောင်ရွက်ချက်များမှတစ်ဆင့် ဆရာ ဆရာမများ၏ ရေရှည်တာဝန်ထမ်းဆောင်လိုစိတ်ကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ကျောင်းတိုင်းတွင် လုံလောက်သော သင်ကြားရေးအင်အားကို ဖြည့်ဆည်းပေးနိုင်ကာ ကျောင်းသားတိုင်းအတွက် မျှတ၍ အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန် အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

### ဆရာအင်အားတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဗျူဟာများနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

လက်ရှိတွင် လစ်လပ်လျက်ရှိသော သင်ကြားရေး ဆရာ ဆရာမများကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနသည် ဆရာလောင်းများကို စနစ်တကျရွေးချယ်မွေးထုတ်ပေးနိုင်ရေးအတွက် ဆရာအတတ်ပညာကျောင်းများ၏ လက်ခံသင်ကြားနိုင်မှု၊ လေ့ကျင့်သင်ကြားရေး အရည်အသွေးနှင့် နှစ်စဉ်မွေးထုတ်နိုင်မှု စွမ်းရည်တို့ကို စဉ်ဆက်မပြတ်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စာရင်းအင်းအချက်အလက်များအရ အထက်တန်းပြဆရာများကို မွေးထုတ်ပေးလျက်ရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တို့ အပါအဝင် စုစုပေါင်း သုံးကျောင်းနှင့် အလယ်တန်းပြနှင့် မူလတန်းပြဆရာများကို မွေးထုတ်ပေးလျက်ရှိသော ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတို့မှ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သော ဆရာ ဆရာမများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနသည် ဒေသအလိုက် ဆရာလိုအပ်ချက်နှင့် ကျောင်းသားအင်အားကို အခြေခံ၍ နှစ်စဉ်လက်ခံသင်ကြားမည့် ဆရာလောင်းဦးရေကို သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး အရည်အချင်းပြည့်မီသော လူငယ်များ ဆရာအတတ်ပညာသင်တန်းများသို့ ပိုမိုဝင်ရောက်နိုင်စေရေးအတွက် ဝင်ခွင့်စနစ်များကို စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်တည်းတွင် ဆရာလေ့ကျင့်ရေး အစီအစဉ်များကို ခေတ်မီပညာရေးစံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်လျက်ရှိပြီး ကျောင်းအခြေပြု လက်တွေ့သင်ကြားရေး၊ ကျောင်းသားဗဟိုပြု သင်ကြားရေးနည်းလမ်းများ၊ သင်ယူမှုအကဲဖြတ်ရေးစနစ်များ၊ သင်ကြားရေးနည်းပညာနှင့် ဒီဂျစ်တယ် သင်ကြားရေးစွမ်းရည်များကို သင်ရိုးညွှန်းတမ်းအတွင်း စနစ်တကျ ထည့်သွင်းသင်ကြားပေးလျက်ရှိပါသည်။

အထက်တန်းပြဆရာများကို ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ၂၀၂၆ ခုနှစ်မှ စတင်၍ ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်ပညာတက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကို အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းနှင့်အတူ သင်ကြားရေးအဆောက်အအုံများ၊ လက်တွေ့လေ့ကျင့်ရေးကျောင်းများ၊ သင်ထောက်ကူပစ္စည်းများ၊ ဒီဂျစ်တယ်သင်ယူရေးအရင်းအမြစ်များနှင့် သင်ကြားရေးဝန်ထမ်းအင်အားတို့ကိုလည်း တစ်ပြိုင်နက်တည်း တိုးချဲ့ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဆရာလေ့ကျင့်ရေးအစီအစဉ်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဝင်ခွင့်၊ လေ့ကျင့်မှု၊ ဘွဲ့ရနှုန်း၊ တာဝန်ခန့်အပ်နိုင်မှုနှင့် လုပ်ငန်းခွင်စွမ်းဆောင်ရည်တို့ကို အခြေခံသည့် အရည်အသွေးအာမခံမှုနှင့် စောင့်ကြည့်အကဲဖြတ်ရေးစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဆောင်ရွက်ချက်များမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ ကျောင်းများအတွက် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးစလုံး ပြည့်မီသော ဆရာ ဆရာမများကို စဉ်ဆက်မပြတ် မွေးထုတ်ဖြည့်ဆည်းပေးနိုင်ရေးကို ပညာရေးဝန်ကြီးဌာနက အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*

# အနာဂတ် ရည်မှန်းချက်ဖြစ်တဲ့ Mechanical Engineering တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံတော်ရဲ့ လိုအပ်တဲ့နေရာတွေမှာ အကျိုးပြုလုပ်ငန်းတွေကို ဂုဏ်ယူစွာနဲ့ ဆောင်ရွက်သွားပါ့မယ်

မောင်ကောင်းထက်စံ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်-



မသီရိစိုး



မောင်ကောင်းထက်စံ



မဆောင်းနှစ်သစ်ဦး



ဒေါ်သန်းနုနုစိန်

**မသီရိစိုး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(STEAMS-1) အမှတ်အများဆုံး ဆုရရှိသူ)**

ကျွန်မကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မြန်မာတစ်နိုင်ငံလုံး ပထမကို CAE ကိုယ်ပိုင်အထက်တန်းကျောင်းကနေ ရရှိခဲ့တာ ဖြစ်ပါတယ်။ စာသင်နှစ်အစကတည်းက ကျောင်းစာတွေကိုတစ်ရက်စာ တစ်ရက် ပုံမှန်လေးပဲ လုပ်ခဲ့ပါတယ်။ နောက်ပြီး ဆရာ၊ ဆရာမတွေ စာပေသင်ကြားပေးတဲ့အချိန်နဲ့ စာရှင်းပြတဲ့အချိန်တွေမှာလည်း ဂရုတစိုက်နဲ့ အကောင်းဆုံး ကြိုးစားခဲ့လို့ အောင်မြင်မှု ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ အခုလို နိုင်ငံတော်အခမ်းအနားကြီးနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေကိုလည်း အလွန်ကျေးဇူးတင်ပြီး ဝမ်းသာပီတိဖြစ်မိပါတယ်။ မိမိကိုယ်ကိုလည်း အလွန်ကိုဂုဏ်ယူမိပါတယ်။ ဆေးတက္ကသိုလ် ဆက်တက်ပြီး နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို တတ်နိုင်တဲ့ဘက်က ပါဝင်ထမ်းဆောင်သွားပါမယ်။

**မောင်ကောင်းထက်စံ (၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတွင် စက်မှု(စက်ပစ္စည်း) ဘာသာတွဲ အမှတ်အများဆုံးဆုရရှိသူ)**

ကျွန်တော်ကတော့ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး) က ကျောင်းသား တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကတော့ ငယ်ငယ်ကတည်းက အင်ဂျင်နီယာဖြစ်ချင်တဲ့ စိတ်ဆန္ဒရှိခဲ့တာပါ။ အဲဒီဆန္ဒအတိုင်းပဲ နိုင်ငံတော်က အသစ်ဖွင့်လှစ်ပေးထားတဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းကို ရွေးချယ်တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေရဲ့ ကောင်းမွန်တဲ့ သင်ကြားပေးမှုကြောင့် အခုလို အောင်မြင်မှုကို ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ရဲ့ အောင်မြင်မှုကို အသိအမှတ်ပြုပေးပြီး ဆုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိသူတွေကိုလည်း အင်မတန်မှ ကျေးဇူးတင်ရှိပါတယ်။ ဒီလို ဂုဏ်ပြုချီးမြှင့်မှုကြောင့်လည်း ကျောင်းသားလူငယ်တွေ ပိုမိုအားတက်ပြီး ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ Mechanical Engineering တစ်ယောက်ဖြစ်အောင်ကြိုးစားပြီး နိုင်ငံတော်ရဲ့ လိုအပ်တဲ့နေရာတွေမှာ အကျိုးပြုလုပ်ငန်းတွေကို ဂုဏ်ယူစွာနဲ့ ဆောင်ရွက်သွားပါ့မယ်။

**မဆောင်းနှစ်သစ်ဦး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံး ဆုရရှိသူ)**

ကျွန်မအနေနဲ့ ဒီလို အောင်မြင်မှု ရရှိဖို့ စာသင်နှစ်စကတည်းက အစွမ်းကုန်ကြိုးစားလာခဲ့ရတာပါ။ အခုတော့ ကြိုးစားခဲ့သမျှတွေ အရာထင်လာခဲ့တဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုမျိုး ကျွန်မတို့ရဲ့ ကြိုးစားမှုရလဒ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုပွဲကို နိုင်ငံတော်အဆင့် ကျင်းပချီးမြှင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်အနာဂတ်မှာလည်း နိုင်ငံတော်အတွက် အကျိုးပြုပြီးတော့ လူတွေအားလုံးကို ကူညီပေးနိုင်တဲ့ ဆရာဝန် တစ်ယောက်ဖြစ်အောင်လို့ ဆက်လက်ကြိုးစားသွားပါ့မယ်။

**ဒေါ်သန်းနုနုစိန် (ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

ပညာကို တန်ဖိုးထားတဲ့ ကျောင်းသားလူငယ်တွေ၊ ကြိုးစားလိုစိတ်ရှိတဲ့ ကလေးတွေ အများထက်သာလွန်ပြီး ထူးချွန်ထက်မြက်တဲ့ ကလေးတွေကို ဂုဏ်ပြုပေးတဲ့ ပွဲဖြစ်တဲ့အပြင် ပညာကိုဆက်လက်သင်ယူလိုစိတ်ရှိဖို့အတွက် နိုင်ငံတော်အဆင့် အခမ်းအနားအနေနဲ့ ကျင်းပပေးတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ အောင်မြင်မှုရရှိဖို့အတွက် ဆရာ ဆရာမတွေ၊ မိဘတွေ၊ ပညာရေး ဝန်ထမ်းတွေရဲ့ ပံ့ပိုးမှုကတော့ ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်။ ဒ့ါအပြင် ထူးချွန်ကျောင်းသား ကျောင်းသူတွေ ထွက်ပေါ်လာဖို့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးမှုနဲ့ ပြုစုပျိုးထောင်ပေးလိုတဲ့ စိတ်စေတနာကလည်း ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်။ ဒါကြောင့် ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို ဒီနေ့လို နိုင်ငံတော်အဆင့် အခမ်းအနားမှာ တစ်စုတစ်စည်းတည်း မြင်တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**သတင်းအဖွဲ့**

---

*စာမျက်နှာ ၆ မှ*

မိဘပြည်သူများအနေဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များ၏ပညာသင်ကြားရေးအပေါ် အလေးထားစိတ်ဝင်စားကာ နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်မည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးအတွက် မှန်ကန်သော လမ်းကြောင်းများသို့ လမ်းညွှန်အားပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ပညာရေးတက္ကသိုလ်များ၊ ဆရာအတတ်သင်တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များသို့ တက်ရောက်ပညာသင်ကြားခြင်းသည် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တစ်ခု ရရှိရေးအတွက်သာမက နိုင်ငံ၏ပညာရည်မြင့်မားရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည့် မြင့်မြတ်သောဆရာဘဝကို ရွေးချယ်လျှောက်လှမ်းခြင်းပင်ဖြစ်ပါသည်။

ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် ဆရာအင်အားလိုအပ်ချက်ကို အချိန်တိုအတွင်း ထိရောက်စွာ ဖြည့်ဆည်းနိုင်သည့်အပြင် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍတွင် ပိုမိုကျယ်ပြန့်စွာ အသုံးချနိုင်ကာ နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များကိုလည်း ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

**လုပ်ငန်းခွင်ပျော်ရွှင်မှုနှင့် ဆရာ ဆရာမများ၏ ဘဝအရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ချက်များ**

ဆရာ ဆရာမများသည်နိုင်ငံ၏ပညာရေး အရည်အသွေးကို မြှင့်တင်ပေးသည့် အဓိကအင်အားစုများဖြစ်သည့်အတွက် လုပ်ငန်းခွင်အတွင်း စိတ်ချမ်းသာပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးနှင့် လူမှုဘဝ အရည်အသွေး တိုးတက်ကောင်းမွန်လာရေးကို အားပေးမြှင့်တင်ရန် အရေးကြီးပါသည်။ အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအတွက် ဒေသအစိုးရအဖွဲ့များ၊ ဒေသခံလူမှုအသိုက်အဝန်းနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံနိုင်ရေး၊ ယဉ်ကျေးမှုနှင့် ဒေသဆိုင်ရာအစီအစဉ်များတွင် ပါဝင်နိုင်ရေး၊ တိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒေသအခြေပြုလူမှုဖူလုံရေးနှင့် စသည့်လူမှုရေး အထောက်အပံ့များကို အားကောင်းစွာ ဖော်ဆောင်ပေးနိုင်ပါက လုပ်ငန်းခွင်ပျော်ရွှင်မှု၊ စိတ်ခွန်အားကောင်းမှု၊ စိတ်ဓာတ်တက်ကြွမှုနှင့် တာဝန်ထမ်းဆောင်လိုစိတ်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

**ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ သင်တန်း (Dip.EP) နှင့် ဖြေလျှော့မှုမူဝါဒများ**

အရည်အသွေးရှိသော ဆရာ ဆရာမများ အချိန်မီ ဖြည့်ဆည်းနိုင်ရေးအတွက် ဝန်ကြီးဌာနသည် ဘွဲ့ရရှိပြီး ဆရာအဖြစ် တာဝန်ထမ်းဆောင်လိုသော ပြင်ပလူငယ်များနှင့် လက်ရှိဝန်ထမ်းများအတွက် **ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ သင်တန်း (Diploma in Teacher Education and Pedagogy - Dip.EP) အမှတ်စဉ်(၃)**ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။

လူငယ်များ ပိုမိုလျှောက်ထားနိုင်စေရန်အတွက် အရည်အချင်းမီ အသက်ကန့်သတ်ချက်မူဝါဒများကိုလည်း ဖြေလျှော့ပေးထားရာ -

- ပြင်ပမှ ဘွဲ့တစ်ခုခုရရှိပြီးသူများဖြစ်ပါက **အသက် ၃၇ နှစ်**အထိ လျှောက်ထားနိုင်ရန် ဖြေလျှော့ထားရှိပါသည်။
- နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပါက **အသက် ၄၂ နှစ်** အထိ အသက်ကန့်သတ်ချက်ကို လျှောက်ထားနိုင်ရန် စနစ်တကျ ဖြေလျှော့ပေးထားပါသည်။

ဤဒီပလိုမာသင်တန်းများမှတစ်ဆင့် ဆရာအတတ်ပညာနှင့် သင်ပြနည်းဗျူဟာများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး ဘွဲ့ရလူငယ်များအနေဖြင့် မိမိတို့၏ဘဝ သက်မွေးလမ်းကြောင်းအဖြစ် ဆရာ့လုပ်ငန်းကို ရွေးချယ်လျှောက်ထားကြရန် နှိုးဆော်ထားပါသည်။

ဆရာဟူသည်မှာ မိမိတတ်သိထားသော ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ မျှဝေသင်ကြားသူမဟုတ်ဘဲ သင်ကြားရေးနည်းလမ်းများ၊ ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ၊ သင်ယူမှုအကဲဖြတ်ခြင်းနည်းစနစ်များ၊ စာသင်ခန်း စီမံခန့်ခွဲမှုစွမ်းရည်များနှင့် ကျင့်ဝတ်သိက္ခာများကို စနစ်တကျ လေ့ကျင့်သင်ကြားထားသည့် ပညာရှင်တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ဆရာအတတ်ပညာသင်တန်းများကို မတက်ရောက်ဖူးသည့်သူများ သို့မဟုတ် ဆရာအတတ်ပညာလက်မှတ် မရှိသည့်သူများကို ဆရာလိုအပ်ချက်ဖြည့်ဆည်းရေးအတွက် တိုက်ရိုက်ခန့်အပ်သင်ကြားစေခြင်းသည် ပညာရေး အရည်အသွေးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

အထူးသဖြင့် ယနေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သင်ရိုးညွှန်းတမ်းအသစ်၏ ကျောင်းသားဗဟိုပြုသင်ကြားရေး၊ တွေးခေါ်နိုင်စွမ်း၊ ဆက်သွယ်ပြောဆိုနိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန် ဆရာအတတ်ပညာကို စနစ်တကျ လေ့လာဆည်းပူးထားသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါသည်။

လက်ရှိအသုံးပြုလျက်ရှိသော မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းသည် နိုင်ငံတကာ သင်ရိုးများနှင့်အညီ အဆင့်မီသည့် သင်ရိုးဖြစ်သည့်အတွက်၊ ဆရာအတတ်ပညာကို သေချာစွာ သိရှိနားလည်သော **“ဆရာအတတ်ပညာလက်မှတ်ရ (Certified Teachers)”** အရည်အသွေးရှိ ဆရာ ဆရာမများကသာ သင်ကြားရန် မရှိမဖြစ် လိုအပ်ပါသည်။ ၎င်းဆရာအတတ်ပညာလက်မှတ်ရ အရည်အသွေးရှိသည့်ဆရာများ ခန့်ထားပြီး စနစ်တကျ သင်ကြားပို့ချမှသာလျှင် ၂၁ ရာစု အရည်အချင်းများနှင့် ပြည့်စုံသော ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။


ဆရာအင်အားဖြည့်တင်းရေးမူဝါဒများ ချမှတ်ရာတွင် အရေအတွက်ပြည့်မီရေး တစ်ခုတည်းကိုသာ ဦးစားပေးမည့်အစား အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်ရေးနှင့် ဆရာအတတ်ပညာ လက်မှတ်ရရှိထားသူများကို စနစ်တကျ ခန့်အပ်အသုံးချရေးကို ဦးတည်ဆောင်ရွက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာတတ်တစ်ဦးကို မွေးထုတ်နိုင်ရန် ဆရာကောင်းတစ်ဦး လိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးအရည်အသွေးသည်လည်း ဆရာများ၏ အရည်အသွေးပေါ်တွင် များစွာမူတည်နေသောကြောင့် ဖြစ်ပါသည်။

ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အရည်အသွေးရှိသော ဆရာလိုအပ်ချက်ကို အချိန်မီ ဖြေရှင်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်၍ မရနိုင်ဘဲ ဆရာအတတ်ပညာ၊ ဆရာ့လုပ်ငန်းအပေါ် တန်ဖိုးထားသော နိုင်ငံချစ်စိတ်ရှိသည့် လူငယ်များ သင်တန်းတက်ရောက်နိုင်ကြပါရန်နှင့် မိဘပြည်သူများ၊ လွှတ်တော်နှင့် အစိုးရအဖွဲ့အစည်းများ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားအဆင့် ရေရှည်ဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**အပြန်အလှန် ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ထိုင်းနှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစ၍ တရားဝင်သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြသည်မှာ (၇၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ တိုးတက်ခိုင်မြဲသည့် ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံပြည်သူချင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအရ နက်ရှိုင်းသည့် ဆက်ဆံမှုများ ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုများပပျောက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆွေတော်တို့နိုင်ငံကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ဖြစ်သည့် Bicameral System ဖြစ်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်အချင်းချင်း၊ ကော်မတီအချင်းချင်း၊ လူငယ်နှင့် အမျိုးသမီးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါကြောင်းနှင့် AIPA တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့လွှတ်တော်အနေဖြင့် ထိုင်းကုမ္ပဏီများ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ ရရှိရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမိသားစုဖြစ်သည့်အတွက် အချင်းချင်းနားလည်မှုများ၊ ယုံကြည်မှုများဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**ကူညီစောင့်ရှောက်မှုပေးသွားမည်**

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ (၇၈)နှစ် ပြည့်မြောက်ပြီးဖြစ်၍ မိမိတာဝန်ထမ်းဆောင်စဉ်ကာလတွင် နှစ် (၈၀) ပြည့် အခမ်းအနားကိုပြုလုပ်ရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌကလည်း အဆွေတော်ထံ နှုတ်ခွန်းဆက်သကြောင်းကို အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အခါအခွင့်သင့်သည့်အချိန်တွင် အဆွေတော်အား ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် အစိုးရနှင့်လွှတ်တော်များ ပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ – ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားသည်ကိုသိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လူငယ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအရေးနှင့်စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များ ညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU) တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်သူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၃၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခွဲခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်နှင့် ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေ ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## Myanmar Business Trade Show & Travel Expo 2026 ပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၁**

ပြည်တွင်း၊ ပြည်ပ စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပြသသွားမည့် Myanmar Business Trade Show & Travel Expo 2026 ပြပွဲကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်တွင် သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် နိုင်ငံတကာသံရုံးများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ၊ ပြည်တွင်းစီးပွားရေးအသင်းအဖွဲ့များနှင့် MSME များ၊ Travel, Tourism & Healthcare ကဏ္ဍမှ လုပ်ငန်းရှင်များ၊ Export , Import & Distribution ကုမ္ပဏီများ၊ Local & International Brand များ၊ ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သည်။

ထို့ပြင် B2B Networking & Business Matching အစီအစဉ်များ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအချင်းချင်းချိတ်ဆက်ခြင်း၊ Entertainment & Cultural Showcase ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များအပြင် စက်တင်ဘာ ၇ ရက်တွင် Exclusive Networking အစီအစဉ်များပါဝင်ကြောင်း သိရသည်။

အဆိုပါ Expo အား တက်ရောက်ခြင်းအားဖြင့် Market Strategy & Networking အသစ်များ၊ International Business Platform တွင် ပါဝင်ခွင့်၊ နိုင်ငံတကာ ကူးသန်းကုန်သွယ်မှုနှင့် စီးပွားရေးဈေးကွက်ချဲ့ထွင်နိုင်မှု၊ နိုင်ငံတကာသံရုံးများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ကြောင်း STP Event Management Teamမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သင်းသင်းအောင်၏ ပြောကြားချက်အရ သိရသည်။

**မျိုးမင်းသူရ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ လွှတ်တော် နှစ်ရပ်အကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ခိုင်မာစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှား-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား - မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ငွေပေးချေမှု၊ အခွန်နှင့် ICT ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ရုရှား - မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhai-lovich အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ - ရုရှား စီးပွားရေးဖွံ့ဖြိုးမှု အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## စစ်ကိုင်းတိုင်းဒေသကြီး နန်းဦးမြို့သစ်ရှိ မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အရာထမ်းအိမ်ရာ တစ်လုံး၊ ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်၊ အမှုထမ်းအိမ်ရာ ခြောက်လုံး အစားထိုးပြန်လည်တည်ဆောက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး နန်းဦးမြို့သစ်ရှိ မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အရာထမ်းအိမ်ရာ တစ်လုံး၊ ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်၊ အမှုထမ်းအိမ်ရာ ခြောက်လုံး အစားထိုးပြန်လည် တည်ဆောက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်ရေး လုပ်ငန်းများကို ယမန်နေ့က ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး အဆောက်အဦ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ တည်ဆောက်လျက်ရှိသည့် အဆောက်အဦများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ခြင်း ရှိ မရှိကို စနစ်တကျစစ်ဆေးပေးရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးတို့ကို မှာကြားသည်။



ထို့ပြင် စစ်ကိုင်းမြို့ ကမ်းနားလမ်းရှိ မြို့ပြ (လခရ) ဝင်းတွင် တည်ဆောက်နေသော လေးခန်းတွဲ လေးထပ် အရာထမ်းအိမ်ရာ တစ်လုံး ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဧရာဝတီ တံတား(ရတနာပုံ)ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရေလယ်တိုင်အမှတ် (RP–4)ရှိ သံမဏိသံပေါင်များ အားဖြည့်ထပ်ပိုးခြင်း လုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာဝင်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၂၆ လုံး၊ အခန်းပေါင်း ၃၈၆ ခန်း ဆောက်လုပ်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မန္တလေးငလျင်ဒဏ်ကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ရသည့် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းအိမ်ရာများပေါ်သို့ အမြန်ပြောင်းရွှေ့ နေထိုင်နိုင်ရေးအတွက် အိမ်ရာတည်ဆောက်ရေး လုပ်ငန်းများအား အချိန်မီပြီးစီးအောင် တွန်းအားပေးဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာဝင်းအတွင်း တည်ဆောက်လျက်ရှိသော အမှုထမ်းအိမ်ရာ၊ အရာထမ်းကြီးအိမ်ရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်


**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာ ပူအေး၊ ဥတုဘေး

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(**ယာပုံ**)

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်နှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးနှင့်အတူ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့်ထိန်းချုပ်ခံတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(နဝမနေ့) အောင်မြင်စွာကျင်းပပြီးစီး

**ထားဝယ် ဩဂုတ် ၃၁**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး (နဝမနေ့)ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**အပေါ်ပုံ**)

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုထားသော ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍တိုင်းဒေသကြီး လွှတ်တော် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်အကြံပြုရေးအဖွဲ့တွင် အဖွဲ့ဝင် နှစ်နေရာကို အစားထိုး တာဝန်ပေးအပ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူသည်။

**အောင်မြင်စွာကျင်းပပြီးစီး**

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တတိယအကြိမ် တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ပုသိမ် ဩဂုတ် ၃၁**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဩဂုတ် ၁၈ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကော်မတီ ၁၃ ရပ်၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားခြင်းကို မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကိုရယူရာ လွှတ်တော်ကသဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ပြောကြားခဲ့သည့် လွှတ်တော်ဥက္ကဋ္ဌ၏ အဖွင့်အမှာစကားအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ပြီး မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားခဲ့ကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အင်းစိန်မြို့နယ်၌ သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် စာဖတ်ဝိုင်းကို ကျင်းပရာ စာရေးဆရာအသင်းနှင့် စာပေဥယျာဉ် အသင်းဝင်များဖြစ်ကြသည့် စာရေးဆရာမ ဒေါ်ခင်နှင်းကြည်(နှင်းနှင်း-အင်းစိန်)က စာရေးဆရာမကြီး ဒေါ်ခင်စောတင့် ရေးသားထုတ်ဝေခဲ့သည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးဟောပြော၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မြို့နယ်စာပေဥယျာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့် - မှူခင်း)က ကျေးဇူးတင်စကား ပြောကြားကာ ဦးဆောင်ဆွေးနွေးသူကို တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံ ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

**ကလော ဩဂုတ် ၃၁**

နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများ သိရှိနားလည်နိုင်ရေး သတင်းအချက်အလက်များ အချိန်မီ ရရှိစေရန်၊ မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံ ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းက ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး အဆိုပါရုံး၌ ကလေးစာဖတ်ခန်း ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ရာဂီမုန်တိုင်းကြောင့် ရုံးပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုမှတ်တမ်းတို့ကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလောမြို့နယ်ရုံး အဆောက်အအုံသစ်ဆောက်လုပ်မည့် လျာထားမြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး (ပင်းတယ) ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ MOI Website ၊ MTube စသည့် အွန်လိုင်းစနစ်များတွင် သတင်းများကို နေ့စဉ် တင်ဆက်ပေးနေမှုများကို ပြည်သူများ ပိုမိုသိရှိအသုံးပြုနိုင်ရန်အတွက် ရုံး၏ အသိပညာပေးဆိုင်းဘုတ်များတွင် QR Code များဖြင့် စနစ်တကျ မိတ်ဆက်ဆောင်ရွက်ရန်၊ စာကြည့်တိုက်လုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းများကို ထိထိရောက်ရောက် ကြိုးစားဆောင်ရွက်သွားရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း (၁၀) စုံနှင့် CANAL+ ၁၀ စုံတို့ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

ထို့နောက် ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံ၍ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် စတူဒီယိုများ ထူထောင်ခြင်းစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုရာ စီမံကိန်းဒါရိုက်တာက လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်အထိ ကွန်ပေါင်းနှင့် အခြားမြေသြဇာ တန် ၄၃၂၁၅၀ ကို ထောက်ခံချက်ပေးခဲ့

**နေပြည်တော် ဩဂုတ် ၃၁**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်အထိ ကွန်ပေါင်းနှင့် အခြားမြေသြဇာ တန် ၄၃၂၁၅၀ ကို ထောက်ခံချက်ပေးခဲ့ကြောင်း အဆိုပါကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရေးအတွက် ဓာတ်မြေသြဇာများ သုံးစွဲနိုင်ရေးနှင့် အချိန်မီဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်၍ ယနေ့ မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါးနှင့် မိုးသီးနှံများအတွက် သီးနှံပေါ်ပေးစနစ်၊ လက်ငင်းငွေချေစနစ်၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ၊ REZ စီမံကိန်းများ၏ လိုအပ်တန်ချိန်ပမာဏအတွက် လက်ကျန်လုံလောက်မှုရှိပြီး မပြတ်လပ်အောင် စီမံထားရန် လိုအပ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် နိုင်ငံတကာဈေးနှုန်းများ ကြီးမြင့်နေချိန်တွင် တောင်သူများ အဆင်ပြေစေရန် စုပေါင်းဝယ်ယူ စုပေါင်း ဖြန့်ဖြူးနိုင်ရေးအတွက် သမဝါယမစနစ် Consortium ပုံစံဖြင့် အမြတ်မယူဘဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို လစဉ်ပုံမှန်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဓာတ်မြေသြဇာများ အရည်အသွေးနှင့် အလေးချိန် မှန်ကန်စေရေး၊ သတ်မှတ် ရောင်းဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ပြီး ဈေးကစားခြင်းများ မရှိစေရေး၊ မြို့နယ်အလိုက် အရောင်းဆိုင်များကို စစ်ဆေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တာဝန်ရှိသူများ၏ ဓာတ်မြေသြဇာ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက် ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ထားဝယ်မြို့၌ ဒီဇိုင်းရေးဆွဲနည်းနှင့် စီးပွားရေးဆိုင်ရာသင်တန်းဖွင့်

**ထားဝယ် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် MSME အသင်းတို့ ပူးပေါင်းဖွင့်လှစ်သော Basic Design and Drawing, Business Idea သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့ ကမြောကင်းလမ်း DDPC Shopping House တွင် ကျင်းပရာ ခရိုင် MSME အသင်းဥက္ကဋ္ဌ ဦးနေမင်း၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မဉ္ဇူဝင်းတို့က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးလျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ဆွေးနွေးသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၁ ဦးအား တာဝန်ရှိသူများက ထားဝယ်မြို့၌ Basic Design and Drawing, Business Idea နှင့်ပတ်သက်၍ ဩဂုတ် ၃၁ ရက်အထိ ဆွေးနွေးပို့ချပေးပြီး ထားဝယ်မြို့ယဉ်ကျေးမှုပြတိုက်သို့ လေ့လာရေးအတွက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# လှိုင်ကော်မြို့၌ မွေးဖက်ပေး ဆိတ်မွေးမြူရေးအတွက် ထိန်စမ်းဆိတ်မျိုးများ လွှဲပြောင်းပေးအပ်

**လှိုင်ကော် ဩဂုတ် ၃၁**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ဒေသရာသီဥတုနှင့် ကိုက်ညီသော ထိန်စမ်းဆိတ်မျိုးကောင်ရေ ၁၀၀ ကို လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က ကြည့်ရှုပြီး နှစ်ပြည့်ပါက ထပ်မံမွေးဖက်ပေးမည့် လုပ်ငန်းရှင်များထံ သတ်မှတ်ချက်များအတိုင်း စနစ်တကျ လွှဲပြောင်းပေးအပ်ရန်နှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နို့ပေါင်းစက်ရုံ ပြုပြင်ခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်အစာပင် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နွားလပိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာလူငယ်ခေါင်းဆောင်များက ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းများ၊ သာသနိကအဆောက်အအုံများနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (၂၉) ကြိမ်မြောက် ပန်းချီ၊ ပန်းပုကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ဘွဲ့ယူစင်တင် တင်ဆက်ပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၃၁**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဖွင့်လှစ်စဉ်က ဝိဇ္ဇာဘွဲ့ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်မှ စတင်၍ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်မှစတင်၍ မဟာဝိဇ္ဇာဘွဲ့များပါ ချီးမြှင့်ပေးနိုင်ခဲ့ပြီး ယခုအခါ ဝါရင့်ပါရဂူတန်းများဖွင့်ထားကာ မကြာခင်ကာလတွင် ပါရဂူဘွဲ့များပါ ချီးမြှင့်အပ်နှင်းနိုင်တော့မည်ဖြစ်ပြီး ၁၉၉၇-၁၉၉၈ ပညာသင်နှစ် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှစ၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ သင်တန်းအမျိုးမျိုးအတွက် ဘွဲ့၊ ဒီပလိုမာအသီးသီးကို စုစုပေါင်းကျောင်းသား ကျောင်းသူဦးရေ ၈၃၂၆ ဦးအား ချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (၂၉) ကြိမ်မြောက် ဘွဲ့ယူမည့် ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ စင်တင် တင်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်များကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဂီတပညာဌာနမှ မောင်မယ်စုံစွာ ဆိုင်းတော်မဟာဖြင့် တင်ဆက်မှု၊ သဘင်ပညာဌာနမှ ဝဏ္ဏသိင်္ဂီဆင်းလှဒေဝီ(နတ်ချင်းယိမ်းအက)ဖြင့် တင်ဆက်မှု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ နှလုံးသား၏ ခိုလှုံရာဇာတ်ကားဖြင့် တင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**



## မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ သမဝါယမအသင်းစုအနေဖြင့် တန် ၂၀ ကျ ဆီစက်လုပ်ငန်းဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ထုတ်လုပ်လျက်ရှိ

**မကွေး ဩဂုတ် ၃၁**

မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ သမဝါယမအသင်းစုအနေဖြင့် တန် ၂၀ ကျ ဆီစက်လုပ်ငန်းဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ထုတ်လုပ်လျက်ရှိကြောင်း အဆိုပါသမဝါယမအသင်းစုမှ သိရသည်။

အဆိုပါသမဝါယမအသင်းစု၏ ဆီစက်လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် အသင်းသားတောင်သူများ၏ သီးနှံဈေးကွက် တည်ငြိမ်မှု၊ လုပ်သားရှားပါးမှုနှင့် လယ်ယာသုံးစက်ပစ္စည်းဝယ်ယူသုံးစွဲရန် အခက်အခဲရှိမှုတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် သမဝါယမသင်တန်းကျောင်း (မကွေး) ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအနေဖြင့် စာတွေ့၊ လက်တွေ့ ပညာရပ်များကို ဂရုစိုက်သင်ယူကြရန်၊ ကျောင်း၏ စည်းကမ်းချက်များကိုလိုက်နာ၍ အရည်အသွေးပြည့်ဝသော သမဝါယမဝန်ထမ်းကောင်းများ၊ လူငယ်စံပြအမျိုးသား၊ အမျိုးသမီးများဖြစ်အောင် ကြိုးစားကြရန်နှင့် သင်တန်းကျောင်းဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ရွှေနတ်တောင်ရေလှောင်တမံ တမံကြံ့ခိုင်ရေးကို ပုံမှန်စစ်ဆေးသွားရန် မှာကြား

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင် ရေလှောင်တမံ တမံကြံ့ခိုင်ရေးကို ပုံမှန်စစ်ဆေးသွားရန်၊ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားရန် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အဆိုပါရေလှောင်တမံကို ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် မော်လမြိုင်မြို့ လူငယ်သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်နေမှု၊ သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားသောက်ဆောင်များ၊ အသက်မွေးဝမ်းကျောင်း သင်တန်းလေ့ကျင့်ရေးခန်းများနှင့် သင်တန်းသားများအား အုတ်စီပန်းရံသင်တန်း၊ ဂဟေဆက်သင်တန်း၊ ဆံသနှင့် လျှပ်စစ်သွယ်တန်းခြင်းသင်တန်း ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် လူငယ်များသည် နိုင်ငံ၏ အနာဂတ်ရင်သွေးများဖြစ်သည်နှင့်အမျှ အသိပညာ၊ အတတ်ပညာ၊ စာရိတ္တ၊ ကြံ့ခိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို စနစ်တကျ ပြုစုပျိုးထောင်ပေးကြရန်၊ နိုင်ငံကို အကျိုးပြုသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရေး ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



**ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်**

## မုံရွာတက္ကသိုလ် ရည်ညွှန်းစာကြည့်တိုက်အတွင်းရှိ ရှေးဟောင်းစာပေများနှင့် စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိ



**မုံရွာ ဩဂုတ် ၃၁**

မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်သို့ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်နှင့် စာကြည့်တိုက်မှူးတို့က စာကြည့်တိုက်အတွင်းရှိ ရှေးဟောင်းစာပေ၊ ပုရပိုက်စာပြတိုက်၊ စာနယ်ဇင်းနှင့် စာဖတ်ခန်း၊ မော်ကွန်းတိုက်၊ ရည်ညွှန်းစာကြည့်တိုက်အတွင်းရှိ ရှေးဟောင်းစာပေများ ထိန်းသိမ်းထားရှိမှုများနှင့် စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှေးဟောင်းစာပေ၊ ပုရပိုက်စာများနှင့် သုတ/ရသ စာအုပ်စာစောင်များ၊ ဘာသာရပ်အလိုက် ရည်ညွှန်းစာအုပ် အထောက်အကူပြုစာအုပ်များကို ပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းအားလပ်ချိန်များတွင် စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် စာကြည့်တိုက်ကို အမြဲဖွင့်လှစ်ထားရှိရေး၊ စာအုပ်စာစောင်များကို စနစ်တကျ ငှားရမ်းသွားရေး၊ စာကြည့်တိုက်အဆောက်အအုံ အတွင်းအပြင် ကြံ့ခိုင်မှုရှိစေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့အား စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများကို အမြဲအလေးထားဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ လွှတ်တော်အစည်းအဝေးအတွေ့အကြုံများ ပြန်လည်ရှင်းလင်း

တွံတေး ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွေ့အကြုံရှင်းလင်းခြင်းကို ယနေ့နံနက် ၁၀ နာရီက



မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး မြို့ရွာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတားများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများ ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် မလှိုင်မြို့နယ် ထမ္ဗကြီးကျေးရွာမှ အပြစ်မဲ့အရပ်သားပြည်သူ ၁၂ ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၃၁

NUGအမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအပြင် မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်ပစ်ခတ်သတ်ဖြတ်ခြင်းများကို နည်းမျိုးစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ ကျူးလွန်လျက်ရှိကြသည်။




မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္ဗကြီးကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၂ ဦး သေဆုံးခဲ့ရမှုတည်နေရာပြမြေပုံ။

ထိုသို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္ဗကြီးကျေးရွာ၏ အနောက်မြောက်ဘက်မှ လက်နက် ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၂၅ ဦးခန့်သည် မော်တော်ယာဉ်သုံးစီး၊ မော်တော်ဆိုင်ကယ်များဖြင့် ကျေးရွာအတွင်းသို့ ဝင်ရောက်လာကာ ကျေးရွာအတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ အရပ်သား ပြည်သူများဖြစ်ကြသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက် (၄၄)နှစ်၊ ဦးမောင်သိန်း(၄၃)နှစ်၊ ဦးချစ်စမ်းမောင် (၄၄)နှစ်၊ ဦးဗိုလ်သက်လင်း (၄၀) နှစ်၊ ဦးသန်းဌွေးအောင် (၃၉) နှစ်၊ ဦးဝေယံစိုး (၃၂)နှစ်၊ ဦးဇော်ခက် (၄၅)နှစ်၊ ဦးဟိန်းဝဏ္ဏဇော် (၂၂) နှစ်၊ ဦးဝင်းနိုင်(၄၄) နှစ်၊ ဦးအုန်းမောင် (၆၃)နှစ်၊ ဒေါ်ခင်မူ (၄၄) နှစ်နှင့် ဒေါ်လှဲ့လှဲ့ဝင်း (၄၄)နှစ် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၂ ဦးတို့အား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ယုတ်မာရိုင်းစိုင်းစွာ လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ဝိုင်းဝန်းပစ်ခတ် သတ်ဖြတ်ခဲ့ကြပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့သည့် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူ ၁၂ ဦး၏ ရုပ်အလောင်းများအား တွေ့ရှိခဲ့ရပြီး အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများအား မလှိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများအား လူမဆန်စွာ ပစ်ခတ် သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး PDF အကြမ်းဖက်သောင်းကျန်းသူများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့အကြမ်းဖက်လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္ဗကြီးကျေးရွာ၌ အပြစ်မဲ့ အရပ်သားပြည်သူ ၁၂ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၄ ရက်နေ့မှ ၃၁-၈-၂၀၂၄ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၄ ရက်နေ့မှ ၃၀-၉-၂၀၂၄ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၄ ရက်နေ့မှ ၃၁-၈-၂၀၂၄ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၄ ရက်နေ့မှ ၃၀-၉-၂၀၂၄ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၄ ရက်နေ့မှ ၃၁-၈-၂၀၂၄ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၉-၂၀၂၄ ရက်နေ့မှ ၃၀-၉-၂၀၂၄ ရက်နေ့ အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၄ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် ရွံ့နွံပြိုကျမှုကြောင့် နိုင်ငံခြားသား ၅၉၀ ခန့် ပျောက်ဆုံးနေ

**ခတ္တမန္ဒူ ဩဂုတ် ၃၁**

နီပေါနိုင်ငံအတွင်း လူအသေအပျောက်များသည့် ရေကြီးရေလျှံခြင်းကြောင့် ရွံ့နွံများပြိုကျမှုဖြစ်ပွားပြီးနောက် နိုင်ငံနှင့်ဒေသ ၃၉ ခုမှ နိုင်ငံခြားသား ၅၉၀ ခန့် ပျောက်ဆုံးနေကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၌ ယခုအချိန်အထိ ရေကြီးမှုဖြစ်ပွားခဲ့သည့် ဒေသများမှ သေဆုံးသူ ၉၀၃ ဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး လူ ၄၂၀၀ ကျော်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လော့ခ်ဘာဟာဒူ ပေါ့ဒယ်ချက်ထရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းဒေသများမှ နိုင်ငံခြားသား အနည်းဆုံး ၃၂၃ ဦးအပါအဝင် လူပေါင်း ၁၀၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ အခက်အခဲဖြစ်ပေါ်နေသည့် အချိန်တွင် နီပေါအစိုးရသည် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ဆက်သွယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် နီပေါနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများထံမှ ကြီးမားသည့် ကယ်ဆယ်ရေးအကူအညီများ လက်ခံရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**



နီပေါနိုင်ငံ ဘီဒူးရ်မြို့ရှိ ကယ်ဆယ်ရေးကွပ်ကဲမှုစင်တာ၌ ရဟတ်ယာဉ်များကို တွေ့ရစဉ်။

## NASA ၏ Nancy Grace Roman အာကာသတယ်လီစကုပ် အောင်မြင်စွာ လွှတ်တင်

**ဖလော်ရီဒါ ဩဂုတ် ၃၁**

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့ (NASA) သည် Nancy Grace Roman အာကာသတယ်လီစကုပ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တယ်လီစကုပ်ကို တင်ဆောင်ထားသည့် SpaceX ဒုံးပျံကို ဩဂုတ် ၃၀ ရက်က အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါ ပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှ အာကာသသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တယ်လီစကုပ်တွင် အချင်း ၂ ဒသမ ၄ မီတာရှိ ပင်မကြည့်မှန်နှင့် 300- megapixel အနီအောက် ရောင်ခြည်ကင်မရာ တပ်ဆင်ထားသည်။ ယင်းကိရိယာများကြောင့် အာကာသ၏ ကျယ်ပြန့်သော ဧရိယာများကို ကြည်လင်ပြတ်သားစွာ စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။

NASA တာဝန်ရှိသူများ၏ ပြောကြားချက်အရ Roman တယ်လီစကုပ်၏ မြင်ကွင်းအကျယ်အဝန်းသည် အခြားအာကာသတယ်လီစကုပ်များထက် အနည်းဆုံး အဆ ၁၀၀ ပိုမိုကျယ်ပြန့်ကြောင်း သိရသည်။




NASA သည် ယင်းတယ်လီစကုပ်မှတစ်ဆင့် စကြဝဠာအတွင်းရှိ အမှောင်ဒြပ်ထုများ၏ လျှို့ဝှက်ဆန်းကြယ်မှုကို ဖော်ထုတ်နိုင်ရန်နှင့် နေရောင်ခြည်စနစ်ပြင်ပရှိ ဂြိုဟ်များကို ရှာဖွေတွေ့ရှိနိုင်ရန် မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**

## ပင်လယ်နီအတွင်း ဟူသီတို့၏ ဖောက်ခွဲရေးပစ္စည်းတင်ရေယာဉ်ကို အစိုးရတပ်ဖွဲ့များ ဖျက်ဆီးခဲ့ကြောင်း ယီမင်အစိုးရ ပြောကြား

**အေဒင် ဩဂုတ် ၃၁**

ပင်လယ်နီအတွင်း ဟူသီတို့က ရေယာဉ်များကို မတိုက်ခိုက်နိုင်မီ ၎င်းတို့၏ အဝေးထိန်းစနစ်သုံး ဖောက်ခွဲရေးရေယာဉ် တစ်စင်းကို အစိုးရတပ်ဖွဲ့များက ဖျက်ဆီးနိုင်ခဲ့ကြောင်း ယီမင်အစိုးရက ဩဂုတ် ၃၀ ရက်တွင် ပြောကြားသည်။

လက်နက်ကိုင် တပ်ဖွဲ့များက စစ်ဆင်ရေး၏ အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ခြင်း မရှိသေးသော်လည်း အဆိုပါ ရေယာဉ် ရည်မှန်းထားသည့် ပစ်မှတ်များထံ မရောက်ရှိမီ ကြားဖြတ်တိုက်ခိုက်၍ ဖျက်ဆီးနိုင်ခဲ့ကြောင်း နိုင်ငံပိုင် ဆာဘာ တီဗွီရုပ်သံလိုင်းက ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဟူသီတို့က မည်သည့်မှတ်ချက်မျှ ပြောဆိုခြင်းမရှိသေးပေ။

ဟူသီအုပ်စုက မာရစ်ဘ်နှင့် အနောက်ဘက် ပင်လယ်နီကမ်းရိုးတန်းတစ်လျှောက် အစိုးရထိန်းချုပ်ထားသည့် နေရာများကို ဒုံးကျည်များနှင့် ဒရုန်းများဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်နေစဉ် အစိုးရတပ်ဖွဲ့များကလည်း ဟူသီတို့၏ တည်နေရာများကို ဒရုန်းနှင့် အမြောက်များဖြင့် တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်းနှင့် ပြီးခဲ့သည့် သီတင်းပတ်များအတွင်း အစိုးရတပ်ဖွဲ့များနှင့် ဟူသီတို့အကြား တိုက်ပွဲများ ပြင်းထန်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဆိုက်ပရပ်စ်ကမ်းလွန်တွင် ဖယ်ရီသင်္ဘောတစ်စင်း တိမ်းမှောက်ရာ လူခုနစ်ဦးသေဆုံး

**နီကိုးရှား ဩဂုတ် ၃၁**

မြေထဲပင်လယ်ရှိ ဆိုက်ပရပ်စ်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ လူ ၂၆၀ ကျော် တင်ဆောင်လာသည့် ဖယ်ရီ သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး အခြား ၂၃ ဦး ပျောက်ဆုံးနေကာ ယခုအချိန်အထိ အဆက်အသွယ်မရသေးကြောင်း သိရသည်။ ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါဖယ်ရီသည် ဆိုက်ပရပ်စ်မြောက်ပိုင်းရှိ Kyrenia ဆိပ်ကမ်းမှ ထွက်ခွာပြီး ပင်လယ်တစ်ဖက်ကမ်းရှိ တူရကီနိုင်ငံသို့ ဦးတည်သွားနေစဉ် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်များအပါအဝင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပင်လယ်ပြင်၌ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ငါးရက်အတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၈၆၀၀ ကျော် နေရပ်ပြန်လာ

**ကဘူးလ် ဩဂုတ် ၃၁**

အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ လွန်ခဲ့သည့် ငါးရက်အတွင်း အာဖဂန်ဒုက္ခသည် မိသားစုစုပေါင်း ၁၆၈၀ မှ လူပေါင်း ၈၆၄၉ ဦးမှာ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း နေရပ်ပြန်သူများ၏ အခက်အခဲများ ဖြေရှင်းရေးဆိုင်ရာ အဆင့်မြင့်ကော်မရှင်က ဩဂုတ် ၃၁ ရက်တွင် ကြေညာသည်။

၎င်းတို့သည် မဟာဗျူဟာမြောက် နယ်စပ်ဖြတ်ကျော်ရာနေရာများမှတစ်ဆင့် နိုင်ငံအတွင်းသို့ ပြန်လာခဲ့ကြောင်း အဆိုပါကော်မရှင်က ထုတ်ပြန်ထားသည်။

ပြန်လည်ရောက်ရှိလာသည့် မိသားစုများအားလုံးသည် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အခမဲ့သယ်ယူပို့ဆောင်ရေးအပါအဝင် လိုအပ်သောအကူအညီများကို ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၆၀၀၀ ကျော်ရှိကာ ၂၉၁၁ ဦး သေဆုံး

**ကင်ရှာဆာ ဩဂုတ် ၃၁**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၆၀၀၀ ကျော်ရှိရာ သေဆုံးသူ ၃၀၀၀ နီးပါးရှိကြောင်း ဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးရ အချက်အလက်များအရ သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ပြည်နယ်ခြောက်ခုတွင် အီဘိုလာရောဂါဖြစ်ပွားသူ ၆၀၄၁ ဦးရှိကာ သေဆုံးသူ ၂၉၁၁ ဦးရှိသဖြင့် ရောဂါဖြစ်ပွားသူများအနက် သေဆုံးမှုနှုန်းမှာ ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ဒေသတွင်း အာဏာပိုင်များက ဩဂုတ် ၂၉ ရက်တွင် ထုတ်ပြန်ထားသည်။ စုစုပေါင်းလူနာ ၁၃၆၆ ဦးမှာ ပြန်လည် ကျန်းမာလာကြပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ AI အသုံးပြုမှု မြှင့်တင်ရန် ပြည်သူ ၅ သန်းအထိ တစ်နှစ်အခမဲ့ သုံးစွဲနိုင်မည့်စီမံကိန်း စတင်

**ဗန်ကောက် ဩဂုတ် ၃၁**

ထိုင်းနိုင်ငံသည် ဉာဏ်ရည်တု (AI) အသုံးပြုမှု မြှင့်တင်ရန် ရည်ရွယ်သည့် စီမံကိန်းတစ်ရပ်ကို ဩဂုတ် ၃၁ ရက်တွင် စတင်လိုက်ပြီး ပြည်သူ ၅ သန်းအထိ AI မော်ဒယ်များကို တစ်နှစ်တာ အခမဲ့အသုံးပြုခွင့် ပေးသွားမည်ဖြစ်သည်။

အစိုးရသည် "TH-AI Passport" စီမံကိန်းဟုခေါ်သည့် ထိုင်းနိုင်ငံ၏ AI အသုံးပြုခွင့် အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၄၈ သန်းခန့် ခွဲဝေသုံးစွဲထားသည်။ အဆိုပါအစီအစဉ်တွင် အသက် ၁၅ နှစ်နှင့်အထက် ထိုင်းနိုင်ငံသားများ ပါဝင်အသုံးပြုနိုင်မည်ဖြစ်ပြီး ကုမ္ပဏီ ၁၄ ခုမှ AI မော်ဒယ် ၃၀ ခန့်ကို အသုံးပြုနိုင်မည်ဖြစ်သည်။ အစိုးရ၏ ပြောကြားချက်အရ အဆိုပါဝန်ဆောင်မှုအတွက် ကြိုတင်စာရင်းပေးသွင်းသူ ၁ ဒသမ ၃ သန်း ခန့်ရှိကြောင်း သိရသည်။ ယင်းစီမံကိန်းမှတစ်ဆင့် ထိုင်းနိုင်ငံသားများအကြား AI အသုံးပြုသူ ပိုမိုများပြားလာစေရန် မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**




## အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း သစ်တောနှင့်မြေယာ မီးလောင်မှုဖြစ်နိုင်သည့်နေရာများ လျော့ကျလာသော်လည်း မီးဘေးအန္တရာယ် ဆက်လက်ရှိနေ

**ဂျကာတာ ဩဂုတ် ၃၁**

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း သစ်တောနှင့် မြေယာ မီးလောင်ကျွမ်းမှုဖြစ်နိုင်သည့်နေရာများ လျော့ကျလာသော်လည်း မီးဘေးအန္တရာယ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်းနှင့် အထူးသဖြင့် ကလီမန်တန်နှင့် ဆူမားတြားဒေသများတွင် မီးငြိမ်းသတ်ရေးနှင့် မီးလောင်ကျွမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အာဏာပိုင်များက အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောရေးရာဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

သစ်တောရေးရာဝန်ကြီး ရာဂျာဂျူလီအန်တိုနီက မြေယာမီးလောင်ကျွမ်းမှုဖြစ်နိုင်သည့်နေရာ အရေအတွက် လျော့ကျလာခြင်းသည် မီးဘေးအန္တရာယ် လုံးဝကင်းစင်သွားပြီဟု မဆိုလိုကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပုသိမ် ဩဂုတ် ၃၁

ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)သည် ဩဂုတ် ၂၅ ရက်က ဧရာဝတီမြစ်ရေ တိုက်စားပြီး တာအိပ်ကျမှု ဖြစ်ပွားခဲ့သည့် တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာနှင့် တစ်ဆက်တည်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက ကမ်းပြို၊ ကမ်းစားကာကွယ်ရေးလုပ်ငန်းများဖြစ်သော တာခြေထောက်ခြင်းလုပ်ငန်း အလျားပေ ၃၅၀ ထပ်မံဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးသော ယာယီပန်းတာအား ထပ်မံမြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသောနုန်းမြေများ စုပုံလာအောင်ပြုလုပ်ခြင်းလုပ်ငန်းနှင့် သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ထပ်မံ၍ မြေအိပ်ကျမှု မဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ မြစ်ကမ်းပါး ရေတိုက်စားမှု အခြေအနေများကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေး၍ အခြေအနေအလိုက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားကာ ယာယီပန်းတာ တည်ဆောက်ရာတွင် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများ၏ ကွမ်းခြံများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် မအူပင်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA)မှ တာဝန်ရှိသူများက အလှူငွေ ကျပ်သိန်း ၁၀၀ နှင့် ငွေကျပ် သိန်း ၁၇၀ တန်ဖိုးရှိ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများအား လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကလေး ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဘောလုံးအားကစား ပိုမိုတိုးတက်လာစေရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလားအမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက ကလေးခရိုင် အောင်ဆန်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို မြို့သာရပ်ကွက်အသင်းနှင့် တာဟန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြို့သာအသင်းက တာဟန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အားကစားသမားများအား ပထမ၊ ဒုတိယဆုတံဆိပ်ဆွဲပြား၊ ဆုငွေများ၊ ဒိုင်းဆုဖလားနှင့် ပြိုင်ပွဲများ တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားအကောင်းဆုံးဆုတို့ကို ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကလေးခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကိုနှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**လာရောက်ကြည့်ရှုနိုင်**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ် အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း အင်တာနက်ဝန်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း အင်တာနက်ဝန်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှ တာဝန်ရှိသူများသည် ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မြို့နယ်အတွင်း ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်ပေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် အင်တာနက် သုံးစွဲသူပြည်သူများနှင့် တိုက်ရိုက်တွေ့ဆုံပြီး အင်တာနက်သုံးစွဲမှုအခက်အခဲများ၊ ဝန်ဆောင်မှုအပိုင်း လိုအပ်ချက်များ၊ လိုင်းပြတ်တောက်ပြုပြင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးကာ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖြေရှင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ဆက်သွယ်ရေးတိုင်များပေါ်တွင် ရှုပ်ထွေးနေသော ဝိုင်ဖိုင် (Wi-Fi) ကြိုးများကိုလည်း သက်ဆိုင်ရာ အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီ/အဖွဲ့အစည်းများက စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြည်သူများကို အသိပေးပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဝင်းက အမှာစကားပြောကြားစဉ်။ အောင်မြင့်မြတ် (ပြန်/ဆက်)

❍ *ကျောဖုံးမှ*

ခံစစ်ကစားသမားဒေးဗစ်၏ သွင်းဂိုးကို ခွင့်ပြုခဲ့ရသောကြောင့် အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း မိနစ် ၄၀ တွင် မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းက တရစပ်တိုက်စစ်ဆင် ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် အစ်ဆွစ်ခံစစ်ကစားသမား ဂျေးကော့ဗ် ဂရီးစ် ကိုယ့်ဂိုးကို သွင်းယူမိခဲ့၍ မန်ယူအသင်း ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့သည်။ ထို့နောက် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ပယ်နယ်တီနှင့် အနီးကပ်ကန်သွင်းချက်များဖြင့် နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် အမ်ဘူမိုက ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ အသင်းအတွက် ပဉ္စမဂိုးကို သွင်းယူနိုင်ခဲ့သည်။ အစ်ဆွစ်အသင်းအတွက် နှစ်သိမ့်ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ချူဘာအက်ခ်ပွန်က သွင်းယူပေးခဲ့သည်။

မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးသုံးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် ဂိုးသမား လန်းမန်းစ်သည်လည်း အစ်ဆွစ်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

(OG) ဂိုးဖြင့် မြန်မာအသင်း ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

ထို့နောက် ပွဲချိန် ၂၆ မိနစ်တွင် ဘယ်တောင်ပံ တိုက်စစ်ကစားသမား ကောင်းခန့်ကျော်က ဒုတိယဂိုးသွင်းယူခဲ့သလို ပွဲချိန် ၃၉ မိနစ်တွင်လည်း ကောင်းခန့်ကျော်ကပင် တတိယဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက သုံးဂိုး- ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပွဲကို ဆက်လက်စိုးမိုးထားနိုင်ခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် စိုင်းဇုမ်ရှန်းက မြန်မာအသင်းအတွက် စတုတ္ထမြောက်အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ သီရိလင်္ကာအသင်းသည် တန်ပြန်တိုက်စစ်များဖြင့် ပြန်လည်ထိုးဖောက်ရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း၏ ခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

မြန်မာ ယူ-၂၀ အသင်းအနေဖြင့် အုပ်စုဗိုလ် သို့မဟုတ် အကောင်းဆုံးအုပ်စု ဒုတိယနေရာရရှိမှသာ လာမည့်အာရှဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ခြေစစ်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၃ ရက်တွင် ဘရူနိုင်းအသင်း၊ စက်တင်ဘာ ၆ ရက်တွင် မော်လ်ဒိုက်အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ **နေမျိုး၊ ခတ်ပုံ-MFF**

# ကျေးလက်ဒေသ ရေရှားပါးမှုပြဿနာဖြေရှင်းဖို့ မိုးရေသိုလှောင်သုံးစွဲစို့

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ရေရှားပါးမှုသည် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေသည်။ သဘာဝရေအရင်းအမြစ်များမှာ မိုးရာသီအတွင်း၌သာ ရရှိနိုင်ပြီး မိုးရာသီလွန်မြောက်၍ ခြောက်သွေ့သောကာလများတွင် ရေရှားပါးမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုကာလများတွင် သောက်သုံးရေ၊ စိုက်ပျိုးရေ ရရှိရေးနှင့် နှစ်ရှည်ပင်များ ရှင်သန်ရေးအတွက် အကောင်းဆုံးသော ရေအရင်းအမြစ်မှာ မိုးရေဖြစ်ပါသည်။

ဆုပြည့်-ကျေးလက်

**အကြောင်းရင်းများ**

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ရေရှားပါးမှုသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လျက်ရှိပါသည်။ ရေရှားပါးမှုကြောင့် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပြင်းထန်သော သက်ရောက်မှုရှိစေနိုင်ပါသည်။ ရေရှားပါးမှု၏ အဓိကအကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲခြင်း၊ မြေပေါ်ရေရရှိမှုနည်းပါးလာခြင်းနှင့် မြေအောက်ရေသိုလှောင်မှု နည်းပါးလာခြင်းကြောင့် ရေအရင်းအမြစ်များပျောက်ကွယ်လာခြင်း၊ ကျေးရွာတချို့တွင် သဘာဝရေ အရင်းအမြစ် (မြစ်၊ ချောင်း၊ ရေအိုင်)များ မရှိခြင်း၊ မြေအောက်ရေတူးဖော်ရန် ခက်ခဲခြင်း၊ မြေအောက်ရေ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုကြောင့် ရေအရည်အသွေး ကျဆင်းလာခြင်းစသည်တို့ ဖြစ်ပါသည်။

ထိုသို့သောအခြေအနေကြောင့် ကျေးရွာအချို့တွင် ရေအခက်အခဲဖြစ်လာပြီး ရေကို ချွေတာသုံးစွဲနေကြရပေသည်။ ထို့ကြောင့် မိုးရာသီကာလ ရွာသွန်းသောမိုးရေကို အလဟဿမဖြစ်စေဘဲ စနစ်တကျ သိုလှောင်သုံးစွဲခြင်းက အရေးပါသော နည်းလမ်းတစ်ခုဖြစ်လာပြီး ထိရောက်အကျိုးရှိစွာ အသုံးချသင့်ပါသည်။

**မိုးရေသိုလှောင်**

ကျေးလက်ဒေသ ရေရှားပါးပြတ်လပ်မှု မဖြစ်စေရေးအတွက် မိုးရာသီတွင် မိမိတို့ နေအိမ်များ၌ အုတ်ကန်၊ စဉ့်အိုးများဖြင့် တစ်နိုင်တစ်ပိုင် မိုးရေသိုလှောင်ခြင်း၊ ကျေးရွာသုံးသောက်ရေကန်များနှင့် အရန်မြေသားရေကန်များ တူးဖော်ထားခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် မိုးရေသိုလှောင်ခြင်း နည်းလမ်းများနှင့် မိုးရေသိုလှောင်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးခြင်း၊ သက်ဆိုင်ရာ ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာနေ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နွေရာသီရေရှားပါးမှုကို လျော့နည်းစေနိုင်ပါသည်။ ကျေးလက်ဒေသတွင် ရေရှားပါးမှုသက်သာလာပြီး နွေရာသီကာလ သောက်သုံးရေဖြန့်ဝေရသည့် ပမာဏ လျော့နည်းလာပြီဖြစ်သဖြင့် ကျေးရွာများ၏ လူနေမှုအခြေအနေများလည်း တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

**ဆောင်ရွက်နေမှုများ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသ ရေရရှိရေးကို လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဒေသအလိုက်ရရှိနိုင်သော ရေအရင်းအမြစ်အပေါ်မူတည်၍ အခြေခံရေရရှိရေးအတွက် ဒေသအလိုက် သင့်လျော်သော ရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။



ရေအရင်းအမြစ် လုံလောက်စွာ ရရှိသော ကျေးရွာများတွင် သန့်ရှင်းသောရေကို အိမ်တိုင်ရာရောက်ရရှိစေရေးနှင့် ရေသုံးစွဲမှု စနစ်တကျရှိစေရေးအတွက် ရေမီတာသုံး အိမ်သွယ် ရေတိုင်စနစ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ သန့်ရှင်းသော ရေအရင်းအမြစ်မရှိသော ကျေးရွာများတွင် ဒေသအခြေအနေနှင့် ကိုက်ညီသော ရေသန့်စင်စနစ်များ ဆောင်ရွက်ပေးခြင်း၊ မြေပေါ်/မြေအောက် ရေအရင်းအမြစ်မရှိသောဒေသများအတွက် နီးစပ်ရာကျေးရွာမှ ရေသွယ်ယူပေးခြင်း၊ သန့်ရှင်းသောရေအရင်းအမြစ် မရှိသောဒေသများ၊ ရေငန်ဝင်ရောက်သော ဒေသများအတွက် မိုးရာသီတွင် ရွာသွန်းသော မိုးရေများကို သိုလှောင်နိုင်မည့် မြေသားရေကန်များ၊ မိုးရေလှောင်ကန်များ၊ ဖိအားဒဏ်ခံနိုင်သည့် ရေလုံပလတ်စတစ်ခင်းသည့် မြေသားရေကန်များ၊ Ferrocement Tank များ ဆောင်ရွက်ပေးပြီး မိုးရေကို စနစ်တကျ သိုလှောင်သုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် နွေရာသီကာလ ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက ရေဖြန့်ဝေလျှဒါန်းခြင်းဖြင့် ရေရှားပါးမှုပြဿနာကို အရေးပေါ် ဖြေရှင်းပေးခြင်း၊ ရေရရှိရေးအတွက် သင့်တော်သောလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရေကိုချွေတာသုံးစွဲရေးနှင့် မိုးရေကို သိုလှောင်သုံးစွဲရေး အသိပညာပေးခြင်းတို့ဖြင့် ရေရှားပါးမှုပြဿနာကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**မိုးရေသိုလှောင်ရေးနည်းလမ်းများ**

မိုးရေကို တိုက်ရိုက်ခံယူအသုံးချခြင်းတွင် အဆောက်အအုံ ခေါင်မိုးများမှ ရေစုယူစုဆောင်း၍ မြေသားရေကန်၊ မိုးရေလှောင်ကန်များနှင့် မိသားစုအလိုက် တစ်နိုင်တစ်ပိုင် စဉ့်အိုး၊ ရေကန်ငယ်များဖြင့် သိုလှောင်ခြင်းဖြင့် မိုးရေကို တိုက်ရိုက်ခံယူအသုံးချနိုင်ပါသည်။

> **“နိုင်ငံတကာတွင် မိုးရေသန့်စင်သိုလှောင်ရေးနည်းပညာများနှင့် သဘာဝသဲရေစစ်ခြင်းစသည့် နည်းစနစ်များကို အသုံးပြု၍ ရေစီမံခန့်ခွဲမှုများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း မိုးရေသိုလှောင်သုံးစွဲရေးအတွက် နည်းပညာအသစ်များကို လေ့လာစမ်းသပ်ကာ ကျေးလက်ဒေသများတွင် ပုံမှန်အသုံးပြုခြင်းအားဖြင့် ရေရှားပါးမှုကို လျှော့ချပေးနိုင်ပါသည်။ ထို့ကြောင့် သဘာဝအားဖြင့်ရရှိသော မိုးရေကို စနစ်တကျသန့်စင်၍ သိုလှောင်သုံးစွဲနိုင်သည့် နည်းလမ်းများကို ကျေးရွာများတွင် အသိပညာဖြန့်ဝေ၍ အသုံးပြုစေသင့်”**

Polyethylene Sheet (PE Sheet) ခင်းထားသည့် မြေသားရေကန်သည် မြေကြီးအတွင်းသို့ ရေစိမ့်ဝင်မှုကို လျှော့ချပေးနိုင်သဖြင့် မိုးရာသီတွင် ရွာသွန်းသော မိုးရေများကို ရေရှည်သိုလှောင်ထားနိုင်ပါသည်။ အထူးသဖြင့် သဲမြေ၊ ကျောက်စရစ်မြေများကဲ့သို့ ရေစိမ့်ဝင်လွယ်သော ဒေသများတွင် ထိရောက်စွာအသုံးပြုနိုင်ပြီး သိုလှောင်ထားသော မိုးရေများကို လိုအပ်သောနွေရာသီကာလအထိ ထိန်းသိမ်းထားရှိနိုင်ပါသည်။ ထို့ပြင် ရေဆုံးရှုံးမှု နည်းပါးခြင်း၊ ရေငန်ဝင်ရောက်သော ဒေသများတွင် ရေငန်စိမ့်ဝင်မှုကို ကာကွယ်နိုင်ခြင်း၊ ထိန်းသိမ်းစရိတ်သက်သာခြင်းနှင့် တာရှည်အသုံးပြုနိုင်ခြင်းတို့ကြောင့် မိုးရေများ သိုလှောင်သုံးစွဲရန် သင့်တော်သော မိုးရေသိုလှောင်နည်းတစ်ခု ဖြစ်ပါသည်။

မြေအောက်ရေကြောများကို မိုးရေဖြင့် ဖြည့်တင်းပေးခြင်းတွင် မိုးရွာသည့်အခါ သဘာဝသစ်တော၊ မြက်ခင်း၊ သဲမြေပြင်များမှတစ်ဆင့် မိုးရေသည် မြေအောက်သို့စိမ့်ဝင်ပြီး အောက်ခံရေကြောများထဲသို့ ရေဖြည့်တင်းသွားခြင်း၊ မိုးရွာသွန်းစဉ် မိုးရေကို ထိန်းသိမ်းထားနိုင်သော မြေနေရာ၊ ရေကန် သို့မဟုတ် သဘာဝရေကန်ကျယ်များထဲသို့ ဝင်ရောက်အောင် ဆောင်ရွက်ခြင်း၊ မိုးရေကို ထိန်းသိမ်းထားသော မိုးရေသိုလှောင်နည်းစနစ်များ၊ ရေစိမ့်တွင်းများ၊ မြေအောက်ရေဖြည့်တွင်းများမှတစ်ဆင့် မြေအောက်သို့ စိမ့်ဝင်စေခြင်းစသည့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်း နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်နိုင်ပါသည်။

Recharge Well သည် မိုးရေကို မြေအောက်ရေကြောများအတွင်းသို့ တိုက်ရိုက်စိမ့်ဝင်စေရန် ရည်ရွယ်၍ တည်ဆောက်သော ရေဖြည့်တွင်းဖြစ်ပါသည်။ အဆောက်အဦခေါင်မိုးနှင့် အခြားမျက်နှာပြင်များမှ စုဆောင်းရရှိသော မိုးရေကို အညစ်အကြေးများ ဖယ်ရှားပြီးနောက် Recharge Well ထဲသို့ စီးဝင်စေခြင်းဖြင့် မြေအောက်ရေပမာဏကို ပြန်လည်ဖြည့်တင်းနိုင်ပါသည်။ ဤနည်းလမ်းသည် မြေအောက်ရေမျက်နှာပြင်ကျဆင်းမှုကို လျော့နည်းစေပြီး လက်တူးတွင်းများနှင့် တွင်းနက်များတွင် ရေရရှိမှု ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုသည့်အပြင် မိုးရေအလဟဿ စီးဆင်းဆုံးရှုံးမှုနှင့် ရေကြီးရေလျှံမှုကိုလည်း တစ်စိတ်တစ်ပိုင်း လျော့နည်းစေနိုင်ပါသည်။

မိုးရေစီးမှုကို ထိန်းချုပ်၍ ရေကြီးမှုလျော့နည်းစေခြင်းနည်းလမ်းတွင် မိုးရေစီးဆင်းမှုကို ထိန်းချုပ်၍ ရေကြီးမှုကိုလျှော့ချခြင်းသည် မြို့ပြနှင့် ကျေးလက်ဒေသများတွင် စိတ်ချလုံခြုံမှု၊ စိုက်ပျိုးရေးနှင့် လူနေမှုဘဝအတွက် အရေးကြီးဆုံးအချက်တစ်ခုဖြစ်ပါသည်။ မိုးရွာသွန်းချိန်တွင် မိုးရေကို တိုက်ရိုက်စီးဆင်းသွားစေခြင်းမပြုဘဲ သိုလှောင်ထိန်းချုပ်နိုင်သည့် အတားအဆီးများ၊ သိုလှောင်ကန်များ၊ သစ်ပင်များ၊ ရေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းခြင်းဖြင့် မိုးရေစီးမှုကို ထိန်းချုပ်၍ ရေကြီးမှု လျော့နည်းစေနိုင်ပါသည်။

**မိုးရေသိုလှောင်ခြင်း၏ အရေးပါမှုနှင့် အကျိုးကျေးဇူးများ**

မိုးရေသည် သဘာဝအရ အလွန်သန့်ရှင်းသောရေဖြစ်ပြီး ဖြတ်သန်းလာရသည့် လေထု၊ အရာဝတ္ထုနှင့် မြေထုများမှ အညစ်အကြေးနှင့် ဓာတ်သတ္တုများကြောင့်သာ ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ရေရှားပါးမှုဖြစ်စဉ်များ ဆက်လက်မြင့်တက်လာနေသဖြင့် မိုးရေသိုလှောင်သုံးစွဲရန် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

သန့်စင်နေပြီးဖြစ်သော မိုးရေကို စိတ်ချစွာ အသုံးပြုနိုင်စေရေး မိုးရေကိုခံယူမည့် အဆောက်အအုံ ခေါင်မိုးနှင့် ရေတံလျှောက်များ သန့်ရှင်းရန်နှင့် သိုလှောင်သိမ်းဆည်းမည့် မိုးရေလှောင်ကန်များ သန့်ရှင်းရန် အရေးကြီးပါသည်။ မိုးရေကို သဘာဝအတိုင်း မြေပြင်ပေါ်တွင် စီးဆင်းစေပြီး မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့စီးဝင်စေခြင်းသည် မိုးရေ၏ အကျိုးပြုနိုင်မှုကို အချည်းနှီးဖြစ်စေပါသည်။ ထို့ကြောင့် စနစ်တကျသိုလှောင်၍ အကျိုးရှိစွာ အသုံးပြုသင့်ပါသည်။

မိုးရာသီအတွင်း မိုးရေသိုလှောင်ခြင်းသည် နွေခေါင်းပိုင်းကာလတွင် ရေရှားမှုကို ဖြေရှင်းနိုင်စွမ်းရှိပြီး သန့်ရှင်းသောရေကို ရရှိစေခြင်း၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အသုံးဝင်ခြင်း၊ ရေသယ်ယူရန်အချိန်နှင့် ငွေကြေးကုန်ကျမှု လျှော့ချနိုင်ခြင်း၊ အဆိပ်အတောက်နှင့် ပိုးမွှားကင်းစင်သဖြင့် ကျန်းမာရေးကောင်းမွန်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့မှုရှိခြင်း၊ မြေပေါ်ရေနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရမှု သက်သာခြင်း၊ ရေရရှိရေးအတွက် ကုန်ကျစရိတ်သက်သာခြင်း၊ အရည်အသွေးကောင်းပြီး မိသားစုသုံးစွဲရန် လုံလောက်သော ရေပမာဏရရှိနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများစွာ ရရှိပါသည်။

**မြေအောက်သဲရေလှောင်တမံများ၏ အကျိုးသက်ရောက်မှု**

မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက်တွင် မိုးရေများသည် အချိန်တိုအတွင်း မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သို့စီးဆင်းသွားခြင်းဖြင့် သဘာဝရေကောင်းရေသန့် အရင်းအမြစ်များ ဆုံးရှုံးသွားခြင်းကို တားဆီးနိုင်ရန်အတွက် မြေအောက် သဲရေလှောင်တမံများ တည်ဆောက်ခြင်းသည် အရေးပါသည့် ဖြေရှင်းနည်းတစ်ခုဖြစ်ပါသည်။ သဲရေလှောင်တမံများသည် မိုးရာသီအတွင်း မိုးရေကို မြေအောက်သဲထဲ၌ စုပ်ယူထားပြီး နွေရာသီတွင် ရေကိုထုတ်ယူသုံးစွဲနိုင်ရန် အသုံးပြုနိုင်သော နည်းလမ်းဖြစ်သည်။

မြေအောက် သဲရေလှောင်တမံများသည် သဲချောင်းများ၊ ရေစီးဝင်သောနေရာများတွင် တည်ဆောက်ပြီး မိုးရာသီကာလ အပေါ်ယံသဲနှင့် ရေတို့ကို တမံအတွင်း သိုလှောင်ရန် ရည်ရွယ်သည်။ သဲသည် မိုးရေကိုစုပ်ယူထားနိုင်သည့် သဘာဝရှိသောကြောင့် ရေသည် တမံအတွင်း၌ ရေထုအဖြစ်သာမက မြေအောက်အထဲသို့ပါ စိမ့်ဝင်သိုလှောင်နိုင်သည်။

စာမျက်နှာ ၁၇ သို့



အမျိုးသားပြတိုက်(နေပြည်တော်) နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တို့ကို ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဆရာဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်)နှင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)တို့ကို သွားရောက်လေ့လာကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်) သို့ရောက်ရှိစဉ် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ် ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှုထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ မြန်မာ့တူရိယာများသမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများ၊ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာကြပြီး ပြတိုက်တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ရောက်ရှိစဉ် ပြတိုက်တာဝန်ရှိသူများက တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သမိုင်းပြတိုက် သမိုင်းနှင့် ပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တပ်မတော်ဖရီးဂိတ်စစ်ရေယာဉ်များ၊ စစ်ရေယာဉ်များ ပုံပြလေ့ကျင့်မောင်းနှင်ခြင်း၊ တိုက်ပွဲသမိုင်းမှတ်တမ်းများအကြောင်းကို ရှင်းလင်းပြသကြပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ပြခန်းများနှင့် ပြင်ပတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်သင်္ဘောများ၊ လေယာဉ်များ၊ စစ်လက်နက်ပစ္စည်းများကိုလည်း လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆင့်မနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆင့်မနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲမှ မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အဖွဲ့ လေးဖွဲ့က သိပ္ပံဆိုင်ရာသဘောတရားများနှင့် လက်လှည့်ပညာများကိုအသုံးပြု၍ ပရိသတ်၏အမြင်နှင့် အာရုံကိုလှည့်စားကာ လေ့ကျင့်မှု၊ နည်းပညာများဖြင့် ပေါင်းစပ်ကာ တစ်ဦးချင်း အနီးကပ်ပြကွက်၊ စင်တင်အလတ်စားနှင့် အကြီးစားပြကွက်များကို အားပါးတရဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**





## မန္တလေးပန်းချီဆရာများ ကျန်းမာရေးအထောက်အကူပြုရန်ပုံငွေရရှိရေးအတွက် ပန်းချီရေးဆွဲပွဲနှင့် ရောင်းချပွဲကျင်းပ

မန္တလေး ဩဂုတ် ၃၁

မန္တလေးပန်းချီဆရာများကျန်းမာရေးအထောက်အကူပြု ရန်ပုံငွေရရှိရေးအတွက် ပန်းချီရေးဆွဲပွဲနှင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၇ လမ်း ၁၀၃ -၁၀၄လမ်းကြားရှိ Collectors Soul Art Gallery ပန်းချီပြခန်း၌ ပြုလုပ်ခဲ့သည်။



အဆိုပါအစီအစဉ်တွင် မန္တလေးမြို့မှ ပန်းချီဆရာ ၁၀ ဦးက လက်တွေ့ပန်းချီရေးဆွဲကြခြင်း၊ လာရောက်ရန်အခက်အခဲရှိသည့် ပန်းချီဆရာများက ရေးဆွဲပြီးပန်းချီကားချပ်များပေးပို့ကြကာ ပြပွဲသို့ ပန်းချီကားစုဆောင်းသူများနှင့် ပန်းချီအနုပညာ စိတ်ပါဝင်စားသူများ လာရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

## (၃၁-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇.၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၀၆,၉၃၉.၈၉ | ၄,၄၀၄,၀၀၈.၁၀ | ၆၁,၉၉၇,၂၅၂.၇၁ | - |

*စာမျက်နှာ ၁၆ မှ*

ထိုသို့ သိုလှောင်ထားသည့်ရေသည် ခြောက်သွေ့သည့် နွေရာသီကာလတွင် တဖြည်းဖြည်းဖြင့် ထုတ်ယူသုံးစွဲနိုင်ပြီး ရေထုတ်ပိုက်များ၊ ပတ်ဝန်းကျင်ရှိ ရေစုကန်များ၊ လက်တူးတွင်းများမှတစ်ဆင့် ထုတ်ယူအသုံးပြုနိုင်ပါသည်။ ထို့ကြောင့် မြေအောက်သဲရေလှောင်တမံများ တည်ဆောက်ခြင်းအား ကျေးလက်ဒေသရေရရှိရေးတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်ပါသည်။

### အောင်မြင်ခဲ့သော မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်း စီမံကိန်းများ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးခေါင်သည့် ဒေသရှိ သဲချောင်းများတွင် မိုးရေကို သိုလှောင်ထုတ်ယူသုံးစွဲနိုင်မည့် မြေအောက်သဲရေလှောင်တမံများအား မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝမ်းဘဲအင်းကျေးရွာနှင့် မြိုင်မြို့နယ် လယ်စုညောင်ပင်ကျေးရွာ၊ မကွေးမြို့နယ် ရေငံကျေးရွာတွင် မြေအောက်သဲရေလှောင်တမံနှင့် ကွန်ကရစ်ရေစုကန်များကို ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် စမ်းသပ်တည်ဆောက်ခဲ့ပါသည်။ စောင့်ကြည့်လေ့လာချက်များအရ မိုးရာသီတွင် စုဆောင်းထားသည့်ရေများကို နွေရာသီတွင် ထိရောက်စွာ အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ဒေသအတွင်းရှိ လက်တူးတွင်းများတွင်လည်း ရေမျက်နှာပြင်မြင့်တက်လာပြီး ယခင်နှစ်များကဲ့သို့ ရေများလျော့နည်းကုန်ခန်းသွားခြင်း မျိုးမဖြစ်ပေါ်တော့ဘဲ ရေထုတ်ယူသုံးစွဲနိုင်သည့် အခြေအနေ ရှိနေခဲ့ခြင်းကို တွေ့ရှိရပါသည်။ သောက်သုံးရေ အထောက်အပံ့ဖြစ်နိုင်သည်သာမက သဲချောင်းတစ်လျှောက် ကိုင်းသီးနှံပင်များ စိုက်ပျိုးလာနိုင်ခြင်း၊ ပတ်ဝန်းကျင်ရှိ သစ်ပင်များ စိမ်းလန်းစိုပြည်လာခြင်းတို့မှာလည်း မြေအောက်သဲရေလှောင်တမံတည်ဆောက်ခြင်း၏ အကျိုးသက်ရောက်မှုဖြစ်ပါသည်။

### ရေဝေရေလဲဒေသများအတွက် ထိရောက်သော ရေစီမံခန့်ခွဲမှုနည်းလမ်းများ

ရေရှားပါးမှုဖြစ်စဉ် လျော့နည်းစေရေးအတွက် ရေဝေရေလဲဒေသများတွင် မြေအောက်ရေ သုံးစွဲမှု လျှော့ချခြင်း၊ မြေပေါ်ရေသုံးစွဲနိုင်ရေး ဆည်၊ တမံများ တည်ဆောက်ခြင်း၊ ၎င်းဆည်တမံများမှ မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်ခြင်း၊ မြစ်ရေစီးဆင်းမှုအား တိုးမြှင့်စေခြင်းတို့ဖြင့် နွေရာသီရေမှတ်လျော့နည်းခြင်းအား လျော့နည်းသက်သာစေပါသည်။ မြေအောက်သဲရေလှောင်တမံများနှင့် ဆက်စပ်နည်းလမ်းများကို ရေဝေရေလဲဒေသများတွင် တိုးချဲ့အသုံးပြုခြင်းဖြင့် ရေရရှိမှုကို တိုးတက်စေပြီး ရေရှားပါးမှုကို လျော့နည်းစေနိုင်ပါသည်။

မြေအောက်သဲရေလှောင်တမံများ၏ လုပ်ငန်းစဉ်အရ သဘာဝအပေါ်မူတည်ပြီး ရေရှားပါးမှု ဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ ရေဝေရေလဲဒေသများ၊ မိုးရွာသွန်းမှုအားကောင်းသော ဒေသများတွင် မြေအောက်သဲရေလှောင်တမံများ တိုးချဲ့ တည်ဆောက်ရေးကို အရေးကြီးကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ပြီး ရေရရှိရေး အလေးထားဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် မိုးရာသီအတွင်း ရွာသွန်းသော မိုးရေများသည် မြစ်ချောင်းမှတစ်ဆင့် ပင်လယ်သို့ရောက်ရှိပြီး ရေချိုများဆုံးရှုံးသွားခြင်းကို တားဆီးနိုင်ရန် မြေအောက်ရေသိုလှောင်မှုဖြစ်စဉ်ကို မြှင့်တင်ရန်အတွက် နည်းပညာဆိုင်ရာပံ့ပိုးမှု၊ အရင်းအမြစ်ထောက်ပံ့ပေးအပ်မှုများစွာ လိုအပ်ပေသည်။

### နည်းပညာအသစ်များဖော်ထုတ်အသုံးပြုစေခြင်း

နိုင်ငံတကာတွင် မိုးရေသန့်စင်သိုလှောင်ရေး နည်းပညာများနှင့် သဘာဝသဲရေစစ်ခြင်း စသည့် နည်းစနစ်များကို အသုံးပြု၍ ရေစီမံခန့်ခွဲမှုများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း မိုးရေသိုလှောင်သုံးစွဲရေးအတွက် နည်းပညာအသစ်များကို လေ့လာစမ်းသပ်ကာ ကျေးလက်ဒေသများတွင် ပုံမှန်အသုံးပြုခြင်းအားဖြင့် ရေရှားပါးမှုကို လျှော့ချပေးနိုင်ပါသည်။ ထို့ကြောင့် သဘာဝအားဖြင့်ရရှိသော မိုးရေကို စနစ်တကျသန့်စင်၍ သိုလှောင်သုံးစွဲနိုင်သည့် နည်းလမ်းများကို ကျေးရွာများတွင် အသိပညာဖြန့်ဝေ၍ အသုံးပြုစေသင့်ပါသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်မှု

မိုးရေသည် သဘာဝမှရရှိသည့် အရေးပါသော ရေအရင်းအမြစ်ဖြစ်ပြီး ထိုမိုးရေကို စနစ်တကျသိမ်းဆည်းနိုင်ပါက ကျေးလက်ဒေသများတွင် ရေရှားပါးမှုကို ထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပြည်သူတိုင်း မိမိနေအိမ်တွင် မိုးရေသိုလှောင်သိမ်းဆည်းနိုင်သော စနစ်တစ်ခုရှိအောင် ဆောင်ရွက်၍ အသုံးပြုသင့်ပါသည်။

ထို့ကြောင့် အကောင်းဆုံးအကျိုးရလဒ် ရရှိစေရန်၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ မိုးရေစနစ်တကျသိုလှောင်သုံးစွဲခြင်း၊ နည်းပညာများကို ကျေးလက်ဒေသများတွင် မိတ်ဆက်ပေးခြင်း၊ စမ်းသပ်အသုံးပြုခြင်းနှင့် အသိပညာပေးလေ့ကျင့်သင်ကြားမှုများ ပြုလုပ်သင့်ပါကြောင်းနှင့် မိုးရေသိုလှောင်နည်းလမ်းများအား မိမိတို့ကိုယ်တိုင်တတ်နိုင်သမျှ အသုံးပြုပြီး တစ်ဦးတစ်ယောက်စီမှ ဆက်၍ လက်ဆင့်ကမ်းကာ အလေ့အကျင့်ကောင်းအဖြစ် လက်ခံကျင့်သုံးခြင်းဖြင့် ရေရှားပါးမှု အခက်အခဲများကို ပူးပေါင်းပါဝင် ဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော် နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၅ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၉ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင်၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၁၀ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်းနှင့် ကျုံပျော်မြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၁၁ လက်မခန့်သာကျန်ရှိသဖြင့် ၂ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ရေလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာမိုင် ၁၁/၅ နှင့် ၁၁ / ၆ ကြားတွင် အလျား ပေ ၃၅၀ ခန့်အား တုတ်တန်းရိုက်သဲအိတ်ဖြည့်၍ မူရင်းတာ၏ တာခြေထောက် Second Bund Level အား မူလနိမ့်မြင့်မှတ် ၁၅ ပေမှ ပေ ၂၀ သို့ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တုတ်တန်းအား အတွင်းဘက်မှ သဲအိတ်ဖြင့် Slope အခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ တာလမ်းကြောင်းရှင်းခြင်းတို့ကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင် ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံကာ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ ဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## “ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် **“ ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ငြိမ်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပဲခူးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃

၁။ ဦးစောလုဟန် နှင့် ဦးမောင်မောင်တင်
၂။ ဒေါ်သန်းသန်းငွေ

(တရားလိုများ) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၈၅၊၂၈၇)နေ တရားပြိုင်ဦးမောင်မောင်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက " မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြိမ်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပဲခူးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဦးကျော်ဆန်းဝင်း(ဘ) ဦးကူမားရာ (ခ) မောင်မောင်ဆန်း ၁၂/မဂတ(နိုင်)၁၁၁၂၃၈ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (၂၄၆၆) ၊ ဧရိယာ(၀ဒသမ၀၈၂)ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ် ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးထွန်းထွန်းဝင်း (ဘ) ဦးခင်မောင်မြင့် ၉/တကန(နိုင်)၁၀၅၆၆၆ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာလမ်းနှင့်ရွှေယင်းမာ(၂)လမ်းထောင့်၊ အမှတ်(၁၃၆၈-ခ) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၁၃၆၈-ခ)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိ ဦးမောင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အား ဦးမောင်မောင် (၉/အမရ(နိုင်) ၀၄၄၁၀၉) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)
တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂ ၊ ၀၉-၄၂၁၁၂၄၈၀၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊သီရိမဟာရပ်ကွက်၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၄၄၀)၊ ဧရိယာ(၀ဒသမ၀၉၆)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ်၊ ၄၆၈-၅/၂၀၀၁- ၂၀၀၂(အေ)၊ ဒေါ်အဲညို ၁၃/လရန(နိုင်)၀၀၉၅၂၆ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား မိခင်ဒေါ်အဲညိုကွယ်လွန်သွားသဖြင့် သားသမီးများဖြစ်သော ဦးတင်မျိုးနှင့် ဒေါ်ခင်စိုးအေးတို့မှအမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး၎င်းတို့နှစ်ဦးမှဦးမျိုး နိုင်ဦး၉/တသန(နိုင်)၁၆၅၃၁၃၊ဒေါ်လီလန်စိန်း၊ ၁၃/နဆန(ပြု)၀၀၀၀၄၆ ထံသို့ စာချုပ်အမှတ်(၂၃၅၊/၂၀၂၆)ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဦးမျိုးနိုင်ဦး၊ ဒေါ်လီ လန်စိန်း အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက် လိုသူ များရှိပါက သတင်းစာပါသည့်ရက်မှ(၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက ဦးမျိုးနိုင်ဦး၊ ဒေါ်လီလန်စိန်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံ အသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊သီရိမဟာရပ်ကွက်၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၉၇၇)၊ဧရိယာ(၀ဒသမ၀၉၆)ဧကရှိမြေငှားဂရန်အမှုတွဲအမှတ်၊၂၆၇-၅/၂၀၁၀- ၂၀၁၁(စီ)၊ ဦးအောင်မျိုးခိုင်၉/မထလ(နိုင်)၁၆၀၉၀၆ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်၏ ဧရိယာ(၀ဒသမ၀၉၆)ဧကအနက်(၀ဒသမ၀၄၈)ဧကအား ဦးအောင် မျိုးခိုင် ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုမာတင်၊ ၅/ ဘတလ(နိုင်) ၀၅၆၇၃၂မှ ဦးတင့်နိုင် ၉/မခန(နိုင်)၀၂၄၇၉၉ ထံသို့ စာချုပ်အမှတ် (၄၆၆၊/၂၀၂၆) ဖြင့်ရောင်းချခဲ့ပြီးဖြစ်သဖြင့်ဦးတင့်နိုင်မှဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာကန့်ကွက်လိုသူများရှိ ပါကသတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြ သူမရှိပါက ဦးတင့်နိုင် အမည်ဖြင့်ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်၊ဘားအံဘဏ်ခွဲ၏ငွေစုဘဏ်စာရင်းအမှတ် (SF-007137) မိုးကုတ်ဝိပဿနာတရားစခန်းနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး ရန်ပုံငွေ စာရင်းရှိ ငွေများအား ငွေသွင်း/ငွေထုတ် ကိုယ်စားလှယ်များ ဖြစ်သည့် ဦးမြင့်လွင် (ဥက္ကဋ္ဌ)၊ ဒေါ်သန်းသန်းဝင်း (ဘဏ္ဍာရေးမှူး-၁)၊ ဒေါ်ညွှန့်ညွှန့်စိန် (ဘဏ္ဍာရေးမှူး-၂)တို့အားငွေထုတ်ပေးမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀) အတွင်းဘဏ်သို့ သတ်မှတ် အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်တင်ပြမှုမရှိပါက ငွေထုတ်ပေး မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၁၇အိုင်/ မြို့တွင်းအရှေ့၊ ဦးပိုင်အမှတ်- ၃၂[က]+၃၃[က]၊ ဧရိယာ - ၀.၀၂၈ ဧက ရှိမြေကို ဦးနေလင်းထွန်း မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထား လိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးနေလင်းထွန်း
ဖုန်း-၀၉-၄၂၈၁၄၁၇၃၁

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဉာဏဒီပရပ်ကွက်(၁)၊ ဘီးလင်းလမ်းနှင့် ပန်းရွှေပြည်လမ်းထောင့်၊ အမှတ်(၈၈-၂)နေ ဒေါ်စုစုလှိုင် (ဘ) ဦးအောင်လှကျော် ၁၁/ကတန(နိုင်)၀၇၄၇၀၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာ အပ်ပါသည်-

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ သာယာကုန်း(၂)ရပ်၊ ရန်-မန်းလမ်းနှင့် မင်းရဲကျော်စွာ လမ်းထောင့်၊ ဦးပိုင်အမှတ်(၇၆)၊ အိမ်အမှတ် (၁၂/၆၄)ဟုခေါ်တွင်သော ဦးစံဘ အမည်ပေါက်ပိုင်ဆိုင်သည့် အရှေ့လားသော်- ဦးညီ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဒေါ်မှည့်၊ မြောက်လားသော်- လမ်းစသည့် အလား(၄)ရပ်အတွင်းရှိ မြေဧရိယာ(၀. ၁၁၁)ဧက ကျယ်ဝန်းသော မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင် (ဘ) ဦးအောင်လှကျော်၊ ၁၁/ကတန(နိုင်) ၀၇၄၇၀၂ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ် ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထင်ဇော် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၅၀)
အမှတ်(၄/၆၈)၊ သံလမ်းဘေးလမ်း၊ သူကြီးစု(၂)၊ ရွာကောက်ရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉ ၀၇၇ ၆၈၁၊ ၀၉-၉၆၀၈၆၈၅၅၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏ သီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၂၇)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးသန်းထွန်း၊ ဦးကျော်ကျော်နိုင် (ဘ) ဦးသိန်းအောင်၊ ဦးသန်းထွန်း ၇/ပမန(နိုင်)၀၀၅၈၇၃၊ ၁၂/အလန(နိုင်)၀၃၅၄၃၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးသန်းထွန်း၊ ဦးကျော်ကျော်နိုင်မှ ဒေါ်အိဖြူပွင့် (ဘ)ဦးဝင်းမြင့် ၁၂/ရပသ(နိုင်) ၀၅၄၁၁၃နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စု၊ ဖက်ကွန်ရွာနေ ကျွန်တော် ခွန်တူးလေး (၁၃/တကန(နိုင်)၂၄၃၅၁၀)သည် တောင်ကြီးမြို့ ၊ မင်္ဂလာဦးရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (မ/၁၇)နေ မဆုမြတ်မြတ်မွန်နှင့် မြန်မာ့ဓလေ့ ထုံးတမ်းအရ လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘော ထားခြင်း တိုက်ဆိုင်မှုမရှိသောကြောင့် (၂၈-၈-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကာ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီး သည့် အချိန်မှစ၍ စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေး၊ ကိုယ်ရေး ကိုယ်တာ ကိစ္စအဝဝတို့သည် တစ်ဦးနှင့်တစ်ဦးပတ်သက်စပ်ဆိုင်ခြင်း အလျဉ်း လုံးဝ (လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

ခွန်တူးလေး
ဖက်ကွန်ရွာ၊ ဖက်ကွန်ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်၊
ဖုန်း-၀၉- ၆၆၆၈၈၆၉၈၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/28096, Honda Wave 110, M/C ယာဉ် လက်ဝယ်ရှိသူ Royal Shwe Tar Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/29905, Yunde 110 M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်မိုးနှင်းဖြူ ၇/ပခတ(နိုင်) ၀၈၅၁၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)
ပြည်မြို့

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ တပ်ကုန်း (စံပြ)ရပ်ကွက်၊ မှတ်(၅၂၁)နေ (ဘ) ဦးဖေါ်မိုင်၏သမီး ဒေါ်ခေါန်နူး ၁/ဆပဘ(နိုင်)၀၀၁၃၇၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁- ၁၉၆၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ တောင်ခွေးရဲအုပ်စု၊ တောင် ခွေးရဲကျေးရွာနေ မောင်ငြိမ်းမင်းခန့် ၇/ပမန(နိုင်)၂၆၁၆၉၅၏ ဖခင်အမည် မှန်မှာ ဦးနိုင်ဦး (ခ) ဦးမြင့်နိုင်ဦး ၇/ပမန(နိုင်)၁၂၃၁၃၅ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

ဦးနိုင်ဦး(ခ)ဦးမြင့်နိုင်ဦး

## အမည်ပြောင်း

(ဘ) ဦးတင်ထွေး ၏သား နေပြည်တော်၊ CAE ကိုယ်ပိုင် အထက်တန်းကျောင်း Grade- 12မှ မောင်လပြည့်ဝင်း အား ယနေ့မှစ၍ မောင်လဝင်းခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်လဝင်းခန့်

## အများသိစေရန်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ လွယ်ခမ်းလမ်းရှိအိမ်မြေဥပစာအား ဦးသိန်းထွန်းဦး (၇/ဒဥန(နိုင်)၀၈၆၇၅၁)နှင့် ဒေါ်ယုမွန်မွန်အောင်(၈/ရနခ(နိုင်)၀၉၇၄၇၆)တို့ လင်မယားနှစ်ဦးက ဦးစိုင်းရွက်ထံမှ (၂၃-၁၂-၂၀၂၄)ရက်စွဲပါ အိမ်/ ခြံ / မြေကွက်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူလက်ရှိထားနေထိုင် ပိုင်ဆိုင်လျက်ရှိသော အိမ်မြေဥပစာဖြစ်ပြီး မြေစာရင်းပုံစံ (၁၀၅) လျှောက်ထားဆဲဖြစ်ကြောင်း ပြောဆိုဝန်ခံလျက် ဖော်ပြပါအိမ်မြေဥပစာကို အပြီးအပိုင် ရောင်းချလိုကြောင်း ဝယ်ယူ ပေးရန် ဦးခွန်ကံလှအား ကမ်းလှမ်းရာ ဦးခွန်ကံလှ (၁၃/ဆဆန(နိုင်)၀၇၇၅၆၆)ကလည်း ဝယ်ယူရန်သဘောတူသဖြင့် စရန်ငွေအချို့ ပေးထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်မြေဥပစာ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ရောက်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထား(မူရင်း) များနှင့်တကွ ဤကြေညာ ပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများကိုအပြီးပေးချေပြီး အရောင်း အဝယ်ကိစ္စရပ်များကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျာသိစေရန်ကြေညာအပ်ပါသည်။

ဦးခွန်ကံလှ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှန်းလဲ့ဖြူ (စဉ်/၁၃၂၄၉/၁၇)၊ ဒေါ်နန်းအဲန်မောဝ်း (စဉ်/၁၃၂၂၂/၁၇)
တရားလွှတ်တော်ရှေ့နေများ
ည/၄၁၊ ဒေစီလမ်း၊ နယ်မြေ(၁၅)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ သာယာလမ်း၊ မြေကွက်အမှတ် (၆၇/AB+ ၆၈/ AB)၊ အမှတ်(၃၀) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် Royal Villa Co., Ltd မှ တာဝန်ယူ ဆောက်လုပ်ထားသော အဆောက်အအုံ၏ အခန်းလွှာ(Level-5)၊ Tower အမှတ်-A၊ အခန်းအမှတ်(511B) အခန်းဧရိယာ-GFA(961)Sqft အကျယ်ရှိ တိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ကျော်ဦး(၁၂/အလန (နိုင်)၀၄၅၁၄၈)နှင့် ဒေါ်ခိုင်လေးနွယ် (၁၄/မမက(နိုင်)၁၉၃၁၃၅) တို့က Royal Villa Co., Ltd. ထံမှဝယ်ယူရန်အတွက် အဆိုပါကုမ္ပဏီသို့ တိုက်ခန်းရောင်းဖိုးငွေ၏စရန်ငွေ(၇၅%)အားပေး ချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ ကုမ္ပဏီနှင့်ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်မူရင်းအထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်တိုက်ခန်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဦးနှင့် ဒေါ်ခိုင်လေးနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်-၂၀၀၁၉) တရားလွှတ်တော်ရှေ့နေ
အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉- ၂၅၀၀၁၂၈၀၁

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/3210 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်**ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်-၄၇၄ ၊ (အလျား ပေ ၆၀ x အနံ ပေ ၈၀ ) အကျယ်ရှိ ဒုဗိုလ်မှူးကြီးအောင်ကျော်ထူး အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄၇၄ ၊ ကျောက်စိမ်းဖြတ်လမ်း၊ (၂၂) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်နှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားကြောင်း မိမိတစ်ဦးတည်း လက်ရှိထား ပိုင်ဆိုင်လျက် ရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက် ထံသို့ ရောင်းချထားခြင်း၊ ပေါင်းနှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အမှုရင်ဆိုင် ဖြေရှင်းနေရခြင်း၊ အစိုးရဌာနတစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစားအမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲ ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံသူ ဒေါ်လွင်လွင်ဝေ (၁၂/ဥကမ(နိုင်)၁၀၁၁၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသုခ(၁၂/မဂတ(နိုင်)၀၇၇၀၇၇) မှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဦးသုခ၏ လွှဲအပ်ချက်အရ -
ဒေါ်မြတ်သီတာအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)
အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၀၂၁၇၇၂ ၊ ၀၉-၇၉၉၂၅၈၂၀၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ်၆/မြို့မရပ် ၊ ဇဝနဒီပရပ်ကွက် မှ မြေဧရိယာ (၀.၁၁၀) ကေရှိ ဦးဝင်းဌေး ၉/ပမန(နိုင်) ၀၈၃၇၈၇ (ဘ) ဦးဟန်စိန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၈၆၅) ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၇၀၅၃/၂၀၂၃) (၁၇-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိန်းထိုက် ၅/ဝလန(နိုင်)၁၀၆၄၅၄ (ဘ) ဦးဘရွှေ မှ ဒေါ်ခိုင်မီမီအောင် ၅/ရဘန(နိုင်)၁၂၇၉၄၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/8045 Toyota RAV4 ZCA 26 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူဦးလှိုင်ဦး ၁၂/မရက(နိုင်)၁၆၈၂၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/72227 Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မိုးနိုင်၉/မဟမ(နိုင်)၀၅၇၄၃၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/32985 Honda C90 Dynamic ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမောင်မောင် ၉/အမဇ(နိုင်) ၀၀၆၃၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-VI/ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၈-ဘ)၊ မြေဧရိယာ (၀.၃၅)ကေရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအေးကိုပါ(၂)ဦးမှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ (၀.၀၂၈)ကေရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝေအောင်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(အ-၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၇၊ ၁၁၈)၊ မြေဧရိယာ (၀.၁၁၀)ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သိဂီထွန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)ဦးပိုင်အမှတ်(၄၁၅)၊ မြေဧရိယာ (၀.၀၅၅)ကေရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်မြသင်းမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၈-င)၊ မြေဧရိယာ (၀.၀၇၅)ကေရှိမြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်လိစိုက်လင်(ခ)ဝင်းဝင်းမြင့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၅**

ဒေါ်စန္ဒာဝင်း **နှင့်** ဦးကြည်ညွှန့် (၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စိုးလှိုင်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၅/ ၃၈)နေ ဦးကြည်ညွှန့်(ဘ) ဦးဘအေး ၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်စိုးလှိုင် (ဘ) ဦးဝင်း (ခ) ဦးစံဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာဝင်း က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ (၀.၀၅၅၁) ဧကေ အကျယ်အဝန်းရှိ ဦးကြည်ညွှန့် အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-(၅၄)၊ ဇင်္ဂီလလမ်း၊ အမှတ်(၉၇၇/က)၊ အကျယ်အဝန်းပေ(၂၀' x ၆၀')ရှိသည့် မြေကွက်နှင့် ဦးသန်းအောင် ၁၂/ဆကန(နိုင်)၀၀၀၈၃၂ အမည်ပေါက် မြေငှားဂရန်မူရင်းအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သော ဦးသန်းဇော် ၇/ဝမန(နိုင်)၀၉၀၅၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်မာစန်း ၇/ကဝန(နိုင်)၁၁၁၂၁၁မှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများ နှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်း မရှိခဲ့ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး(စဉ်-၁၄၈၁၉) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)၊ နန္ဒဝန်လမ်း၊ (၂၀/က)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁-ရွှေပေါက်ကံ)၊ ရွှေပြည်တော်သာကန်လမ်း၊ မြေကွက်အမှတ် (၁၅၀)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိဦးသောင်းရှင် ၁၂/ဗဟန(နိုင်)၀၁၉၇၄၈ နှင့် ဦးအုန်းလွင် ၁၂/မရက(နိုင်)၀၉၉၆၃၆ တို့ အမည်ပေါက် နှစ် (၆၀) မြေငှား ဂရန်မြေကွက်အနက်မှ ဦးသောင်းရှင် ၁၂/ဗဟန(နိုင်)၀၁၉၇၄၈ ပိုင်ဆိုင်သော ခြေရင်းခြမ်း (မြေကွက်အမှတ် (၁၄၉) နှင့်ကပ်လျက်) ရှိ မြေအကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် (၁)ထပ် (၅) ခန်းတွဲ အဆောင်အပါအဝင် ဥပဒေနှင့်ညီညွတ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသောင်းရှင်၏ သား၊ သမီး အရင်းများဖြစ်ကြသော ဦးသက်လှိုင်ဝင်း ၇/ထတပ(နိုင်)၀၈၄၂၉၂၊ ဦးသူရဇော် ၇/ထတပ(နိုင်)၀၈၄၂၉၁၊ ဒေါ်ထိုက်ထိုက်အောင် (၇/ထတပ (နိုင်)၀၈၃၉၀၆)၊ ဒေါ်ယုယုထွေး ၇/ထတပ(နိုင်)၀၈၃၉၀၅ တို့ မောင်နှမ (၄) ဦးတို့မှ အမွေဆက်ခံ၍ လက်ရှိထားပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်း/ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားတဘောင် ရင်ဆိုင်နေရခြင်းမရှိကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက် ထံမျှ ရောင်းချ၊ ပေါင်နှံထားခြင်းမရှိကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေလင်း ၁၂/ဒလန(နိုင်) ၀၆၁၂၆၇ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုခွင့်ရှိပါကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးဝေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေ[စဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀]**
**တိုက်အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/6719 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/5989 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/53946 Honda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေညွှန့် ၉/မရတ(နိုင်)၀၀၉၂၂၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/36298 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းနွယ် ၉/အမဇ(နိုင်) ၁၀၃၀၄၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/23613 Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/မနမ(နိုင်)၀၄၆၂၆၉ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ် ၊ဇဝနဒီပရပ်ကွက် မှ မြေဧရိယာ (၀.၁၁၀) ဧကရှိ ဦးမင်းဇော် ၉/မထလ(နိုင်) ၁၆၉၁၄၂ (ဘ) ဦးကျား အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၅၆၆) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၈၂၀/၂၀၁၈) (၅-၇-၂၀၁၈) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိစိုး ၉/ပမန(နိုင်) ၂၁၄၇၅၃ (ဘ) ဦးမြင့်စိုး မှ ဒေါ်စုရီပိုင် ၇/ကတခ(နိုင်) ၁၁၁၂၃၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးကုန်သွယ်မှုအမည် ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Weifang Rainbow Chemical Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးကို ကုန်သွယ်မှုအမည်ပြောင်းလဲ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| မူလကုန်သွယ်မှုအမည် | ကုန်သွယ်မှုအမည်အသစ် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင် အမျိုးအစား |
|---|---|---|---|
| Pro Cyper 440 EC | Fenfos Plus 440 EC | Cypermethrin 40g/l +Profenofos 400g/l EC | P2024-6278 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**RAINBOW AGROSCIENCES CO., LTD**
**ဖုန်း-၀၉-၄၅၆၀၆၀၁၆၀၊ ၀၉-၄၄၁၁၇၀၁၇၀**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/1040 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မကွေးမြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃**

ဦးကျော်ဆင့် **နှင့်** ၁။ ဦးကံတင်
၂။ မမြသန်းငွေ
၃။ မမြသန်းမွေး
၄။ ဦးကျော်မြင့်
၅။ ဦးမျိုးညွှန့်
၆။ ဒေါ်ခင်စန်း

**(တရားလို)** **(တရားပြိုင်)**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နတ်ကန်အုပ်စု၊ ရွာသစ်ကလေး ကျေးရွာနေ (၃)တရားပြိုင်မမြသန်းမွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုဦးကျော်ဆင့်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းချမ်းအောင်)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မကွေးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ်၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက် မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်အေးမမထွန်း ၁၂/ဥကတ(နိုင်) ၀၇၂၈၅၉ (ဘ) ဦးမောင်မောင်ထွန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၁၇၄) ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၇၈၉/၂၀၂၂) (၂၃-၈-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိထားသူ ဦးကျော်ဇေယျ ၉/ပဗသ (နိုင်)၀၀၁၈၈၅ (ဘ) ဦးသန်းနိုင် မှ ဒေါ်မိုးသက်ဝေ ၉/ပဗသ(နိုင်) ၀၁၀၀၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင် (ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀.၀၅၅၁)ဧကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကျော်သန်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်စောစန္ဒာသက်ထံမှ ကျွန်တော်ဦးကျော်နိုင်ဝင်းသည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက်ရရှိစေရန် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၁-၉-၂၀၂၄) ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အားချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်သန်း နှင့်အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်နိုင်ဝင်း**
**အကွက်(လလ-၁/၅၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၀၄၃၀၅၃၃၊ ၀၉-၇၉၈၈၈၇၆၅၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/28347 CPM-Sawasdee 15 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၅/စကန(နိုင်) ၁၅၈၂၇၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၄၂၆**

ဒေါ်မော်မော်(ကွယ်လွန်သူ ဦးငွေး၏ **နှင့်** ဦးထွန်းထွန်းဝင်း ပါ၂၂ တရားဝင်ကိုယ်စားလှယ်) ပါ ၅

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ရက်စွဲပါ ကျောက်ဆည်ခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၂၂/၂၀၁၄ကိုအယူခံမှု။

အယူခံတရားပြိုင် ၁၇။ ဒေါ်အေးအေး၊ ၁၈။ ဦးခင်မောင်ဝင်း၊ ၁၉။ ဒေါ်လှလှမြိုင်၊ ၂၁။ ဦးစိုးမောင်မောင်ကျော် လျှောက်ထား ခံရသူ (၁၇၊ ၁၈၊ ၁၉၊ ၂၁)တို့သည် ကွယ်လွန်သူ ဦးအေးမောင်၏ တရားဝင်ကိုယ်စားလှယ်များ)၊ ကူမဲဈေးရှေ့၊ သာယာအေးရပ်ကွက်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်ခရိုင် (ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

ယခုအမှုတွင် ကျောက်ဆည်ခရိုင် တရားရုံးတော်က ချမှတ်ပေးသည့်ဒီကရီကို ဒေါ်မော်မော် (ကွယ်လွန်သူ ဦးငွေး၏ တရားဝင်ကိုယ်စားလှယ်) ပါ၅က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ သင်မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုလှိုင်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ မြေဧရိယာ (၀.၀၆၇)ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်လီဟုံမေ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/29319 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘက်(စ်)တောမနူး ၅/စကန(နိုင်) ၀၂၇၈၂၆ က မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5A/9749 TOYOTA LITEACE CM55 P/U(4x2)R ယာဉ်လက်ဝယ် ရှိသူ ဦးအောင်သိန်း ၁၂/ပဇတ(နိုင်)၀၃၁၁၂၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 87W/89175 NP MOTO NP Mode 10 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမော် ၅/မရန(နိုင်) ၁၅၄၂၄၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/52422 Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းစိုး ၉/ပကခ(နိုင်)၀၁၈၇၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အတွက် ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Refractory(၅၀)မျိုး
(ခ) Castable Mortar (၁၀)မျိုး
(ဂ) Consumable (၄)မျိုး
(ဃ) Scrap ကုန်ကြမ်း HMS-1 (2000)Tons
(င) Scrap ကုန်ကြမ်း HMS-2 (1495)Tons

၂။ တင်ဒါပုံစံများကို (၃-၉-၂၀၂၆) ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်လုပ်ရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ ဤဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၉-၈၇၂၅၁၀၆၂၀ တို့သို့ စုံစမ်းနိုင်ပါသည်။
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - (၂-၁၀-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ။
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ထုတ်လုပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၉

ဒေါ်သူဇာဝင်း နှင့် ဒေါ်ထွေးထွေးရီ
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက် အမှတ်(ဃ-၇)၊ ၆၂x၆၄လမ်းကြား၊ ကံကော်လမ်းxသဇင်လမ်းကြား နေ ဒေါ်ထွေးထွေးရီ (ဘ) ဦးမောင်မောင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သူဇာဝင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၂)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ (၀.၀၆၂) ဧက အကျယ်အဝန်းရှိ ဒေါ်ထွေးထွေးရီအမည်ပေါက် ဂရန် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၁၃)ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သူဇာနွယ် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/88976 Shen bo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်ကိုခန့် ၉/ခအဇ(နိုင်) ၀၅၁၅၈၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/ 82108 Jialing 90ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မွန် ၉/ခအဇ(နိုင်)၀၄၇၂၉၀ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ မြို့မ(၁၄) လမ်းအနောက်၊ အမှတ်-၈၄/ခ၊အကျယ် (၂၀ပေx၆၀ပေ) ရှိ ဦးကြည်ဝင်းနှင့် ဒေါ်မေရီ ပူးတွဲအမည်ပေါက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်(၁၀ပေ x ၆၀ပေ) နှစ်(၆၀) မြေငှားဂရန် ၊ မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုသူများဖြစ်သော ဦးကြည်ဝင်း ၁၂/သကတ(နိုင်) ၀၀၅၄၁၆ နှင့်သားသမီး(၆) ဦးတို့က ၎င်းတို့သာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ပန်းဝတ်ရည် ၁၂/သကတ(နိုင်)၁၆၃၂၉၃ မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် (၂၉-၈-၂၀၂၆) ရက်တွင် အပြီးအပိုင်ငွေပေးချေဝယ်ယူကာ လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဦး(LL.B) (စဉ်-၅၅၉၈၆/၂၀၂၃) အထက်တန်းရှေ့နေ**
**အမှတ်(၈၉၉)၊ မြင်တော်သာလမ်းနှင့်မြို့မ(၁၅) လမ်းထောင့်၊**
**၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀) သာကေတမြို့နယ်တရားရုံးတော်၌ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၀

| | | |
|---|---|---|
| ၁။ ဦးဇေယျာသော် | နှင့် | ၁။ ဒေါ်ခင်ကြိုင် |
| ၂။ ဒေါ်အေးသင်းမာ | | ၂။ ဦးကြိုင်ဝင်း |
| | | ၃။ ဦးမြင့်သူ |
| | | ၄။ ဦးအောင်သူ |
| | | ၅။ ဦးဝင်းသူ |
| | | ၆။ ဦးမင်းလွင် |
| | | ၇။ ဒေါ်အေးအေးသန်း |
| | | ၈။ ဦးမြင့်သိန်း |
| | | ၉။ ဒေါ်မြမြဝေ |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ နဝရတ်(၁၁)လမ်း၊ အမှတ်(၈၃)နေ တရားပြိုင်၁။ဒေါ်ခင်ကြိုင် ၂။ ဦးကြိုင်ဝင်း ၃။ ဦးမြင့်သူ ၄။ ဦးအောင်သူ ၅။ ဦးဝင်းသူ ၆။ ဦးမင်းလွင် ၇။ ဒေါ်အေးအေးသန်း ၈။ ဦးမြင့်သိန်း ၉။ ဒေါ်မြမြဝေ (ယခုနေရပ်လိပ်စာ မသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ကတိပဋိညာဉ်စာချုပ်ပါအတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းတို့ရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် ( ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆုတ် (၁၄) ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ခုနှစ် ၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေဇင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ကွန်ဒို၊ အခန်း(၃၀၅)၊ နေ ဒေါ်ချိုချို (၁၂/လမတ(နိုင်)၀၁၂၈၈၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပိန္နဲကုန်း ကျေးရွာရှိ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(အမှတ် (N-၂၂.)၊ ဧရိယာ (၁.၅၀)က ယခင်ဦးဆန်းထွန်း (ဘ) ဦးပွ (၉/ပသက(နိုင်) ၁၈၂၇၀၁)၊ လယ်ယာမြေ၊ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ခွင့်ပြုသည့်စာအမှတ် (၂၄၁/လယ-၁)၊ခွင့်ပြုသည့်ရက်စွဲ (၂၃-၁၀-၂၀၁၉)မှ ဒေါ်သွယ်သွယ် အမည်ပေါက်ပြောင်းလဲ ချထားပေးသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ခွင့်ပြုသည့်စာအမှတ် (၅/၄၃)၂၀၅/ဦး ၆(၀၆၂၉ ) ခွင့်ပြုသည့်ရက်စွဲ ( ၂၆-၅-၂၆) ကွင်းအမှတ်(ပြင်) ဦးပိုင်အမှတ် (N -၂၂) ဧရိယာ (၁.၅၀) ဧက အကျယ်အဝန်းရှိ မြေအပါအဝင်မြေပေါ်ရှိ ပေါက်ရောက် သစ်ပင်ဝင်းခြံ အကာအရံနှင့်တကွ စိုက်ပျိုးလုပ်ကိုင်ခွင့်အပါအဝင် နေထိုင် ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိကြောင်း၊ ၎င်းစိုက်ပျိုး လုပ်ကိုင်နေသောမြေများ ဖြစ်ကြောင်း ဝန်ခံကတိ ပြုသူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ မြစန္ဒာလမ်းသွယ်နေ ဒေါ်သွယ်သွယ် (၉/မရမ (နိုင်)၀၀၆၅၃၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုက အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပြီးဖြစ်သောကြောင့် ဒေါ်ချိုချိုမှ လက်ရှိထား စိုက်ပျိုးလုပ်ကိုင် ပိုင်ဆိုင်ပြီး၊ ယနေ့အချိန်အထိ မြေထဲသို့ကျူးကျော်ဝင်ရောက်ခံရခြင်း၊ ကန့်ကွက်ခံ ရခြင်း၊ ပိုင်ဆိုင်မှု အငြင်းပွားခြင်းတစ်စုံတစ်ရာမရှိဘဲ ဒေါ်ချိုချို လက်ရှိထား စိုက်ပျိုး လုပ်ကိုင် ပိုင်ဆိုင်နေပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၁၇)**
**အိမ်အမှတ်(၅၅) ၊ ဘီလမ်း၊ (၁၁)ကွက်၊ ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၇၉၇၅၄၀၈၂၅**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)) မရမ်းကုန်းခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၂

ဒေါ်နီနီမာ **လျှောက်ထားသူ**

**ကွယ်လွန်သူ ဦးကျင်မောင်နှင့် ဒေါ်ကျင်တုတ်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၁၈၆)၊ အကျယ်အဝန်း (အလျား ပေ၃၀ x အနံ ပေ၅၀)၊ (၁၅၀၀)စတုရန်းပေရှိ ဦးကျင်မောင် အမည်ပေါက် နှစ် (၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်၊ မြို့သစ်လမ်း၊ အမှတ် (၁၈၆)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား စီမံခန့်ခွဲနိုင်ရန်အတွက် လျှောက်ထားလာသည်ဖြစ်၍ လျှောက်ထားမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ် ၁၄ ရက်) နံနက် ၁၀:၀၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း လာရောက်၍ ခိုင်လုံသောအထောက်အထားများတင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဒေါ်နီနီမာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၈၀၀/ ညောင်ကုက္ကား)၊ဦးပိုင်အမှတ်(F-၂၅၆)၊ မြေဧရိယာ(၀.၀၅၈)ဧကရှိမြေသည် ဒေါ်မေချိုချိုအေး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး သက်တမ်းမှာ (၂၈-၅-၂၀၀၄) မှ (၂၇-၅-၂၀၃၄)ရက်ထိဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား (၁၅-၄-၂၀၁၃)ရက်တွင် ဒေါ်မေချိုချိုအေး မှ ဒေါ်သွဲ့သွဲ့စိုးသို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ဒေါ်သွဲ့သွဲ့စိုး မှ အဆိုပါမြေကွက်အား လွန်ခဲ့သော (၁၃)နှစ် ခန့်ကစ၍ ယနေ့အချိန်ထိလက်ရှိထားစီမံခန့်ခွဲ အကျိုးခံစားခွင့်ရရှိခဲ့သည်မှာ မှန်ကန်ကြောင်း ကို(၆-၃-၂၀၂၆)ရက်၌ စစ်ကိုင်းခရိုင်တရားရုံးတွင်ကျမ်းကျိန်ဆို၍ ယင်းရက်၌ပင် ဒေါ်သွဲ့သွဲ့စိုး (ဘ)ဦးအောင်စိုး(၅/မမန(နိုင်)၀၅၆၅၉၂) မှ ဦးတင်ထွဋ် (ဘ)ဦးလှကြည်(၅/ကလဝ(နိုင်)၀၃၇၁၈၃)သို့ နှစ်ဦးသဘောတူ မြေကွက်နှင့်မြေကွက် ပေါ်ရှိ အဆောက်အအုံ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ကျမ်းကျိန်နှင့် အရောင်းအဝယ်စာချုပ်များအား စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူဦးတင်ထွဋ်အမည်ဖြင့်မြေငှားဂရန်အမည်ပြောင်း လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး၊ ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (ရုံးချိန်အတွင်း ) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာ ခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲတည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ (၁၄)လမ်းအရှေ့၊ မြေကွက်အမှတ်-၉၀၆၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှု ဌာနတွင် ဦးကျော်ရင် (AB-၀၀၃၀၁၇)အမည်ဖြင့် တည်ရှိပြီး အဆိုပါမြေကွက်ထဲမှ မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၁၀ပေxပေ၆၀)၊ (ခြေရင်းခြမ်း)ရှိ အိမ်ခြံမြေအား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ၁။ ဒေါ်နွယ်နွယ်ဦး (၉/တကန(နိုင်)၀၉၈၂၁၃)နှင့် ၂။ ဦးစစ်နိုင်လင်း(၁၂/သကတ(နိုင်)၂၀၁၅၉၂)တို့မှ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်နှင့် ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးတင်ဝင်း (၁၁/မအန(နိုင်)၀၀၄၁၀၂)၊ ၂။ ဒေါ်တင်တင်မြ (၁၁/မအန(နိုင်)၀၀၀၁၀၀)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းနှင့် ဒေါ်တင်တင်မြ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၀၇)**
**ရုံးခန်းလိပ်စာ - အမှတ်(၁၁၂)၊ ပထမထပ်၊**
**မြင်တော်သာလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/2626 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၇၄/၂) (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၆ ပေx၅၀ ပေ) ရှိမြေညီနှစ်ထပ်တိုက်ခန်း (၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်သိန်း (၁၂/မဘန(နိုင်)၀၅၀၄၇၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇) LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်(၂) လမ်း၊ အမှတ်(၂၁၅) ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၅)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်၊ (၃)လွှာ (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၄ပေx၄၅ ပေ) အကျယ်ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြင့် အဆိုပါ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မျိုးထိုက် (၁၂/မရက(နိုင်)၁၁၉၃၃၇) မှ ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝေဖြိုးလှိုင် (၁၂/မဂဒ(နိုင်)၁၂၀၅၂၂) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဖြိုးလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူခိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၆၈၉)**
**အမှတ်(၃၁၀)၊ စကားဝါ(၂)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၁၅၈၅၅၆၊ ၀၉-၄၀၁၅၀၅၈၄၁**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရွှေသင်း(အထက)၊ Grade-6 မှ မပြည့်ဖြိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၉/ပဥလ(နိုင်)၀၃၄၅၄၉ ဖြစ်ပါသည်။

**ဦးကျော်လွင်**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ အခြေခံစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး(အထက-ခွဲ)၊ Grade-11 မှ မသက်မှူးစံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၅-၉-၂၀၀၉) ဖြစ်ပါသည်။

**ဦးမျိုးဝင်း (၂၅-၉-၂၀၀၉)**

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ စံသူရိန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 မှ မရတနာဝင်း၏ မိဘအမည်မှန်မှာ ဦးဒေဗီပါရ်ဆပ်နှင့် ဒေါ်ဘီမား ဖြစ်ပါသည်။

**ဦးဒေဗီပါရ်ဆပ် - ဒေါ်ဘီမား**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ Genius ကိုယ်ပိုင် အလယ်တန်းကျောင်း၊ Grade-4 မှ မောင်ဟန်လင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၅/တဆန(နိုင်) ၁၀၇၃၀၄ ဖြစ်ပါသည်။

**ဦးမျိုးထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/68716 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၉/သပက(နိုင်)၀၅၄၂၃၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/68806 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူလှိုင် ၁၃/လကန(နိုင်)၀၀၄၇၄၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/34509 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၃/ကခန(နိုင်)၀၃၈၅၄၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသည်။



ဒုတိယသမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်စဉ်။

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

## ယနေ့ ဖတ်စရာ

**မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ သမဝါယမအသင်းစုအနေဖြင့် တန် ၂၀ ကျ ဆီစက်လုပ်ငန်းဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ထုတ်လုပ်လျက်ရှိ**

ပြည်တွင်းသတင်း စာ - ၁၂

**PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာမှ အပြစ်မဲ့ အရပ်သားပြည်သူ ၁၂ ဦး သေဆုံး**

ပြည်တွင်းသတင်း စာ - ၁၃

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား)

စာမျက်နှာ ၁၅ ကော်လံ ၁ ◆






## ဖာနန်ဒက်စ်၏ ဟက်ထရစ်သွင်းဂိုးနှင့်အတူ မန်ယူက အစ်ဆွစ်ကို ဂိုးပြတ်အနိုင်ရ

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂)တွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်၏ ဟက်ထရစ်သွင်းဂိုးနှင့်အတူ အစ်ဆွစ်တောင်းအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ယခုနှစ်ရာသီ ပထမဆုံးနိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဩဂုတ် ၃၀ ရက် ည ၁၀ နာရီက အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန် ၂၉ မိနစ်တွင် အစ်ဆွစ်

စာမျက်နှာ ၁၅ ကော်လံ ၅ ○

## မြန်မာ ယူ-၂၀ အသင်း သီရိလင်္ကာကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၃၁

AFC U-20 Asian Cup 2027 အုပ်စု (K) ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီတွင် မြန်မာ ယူ-၂၀ အသင်းနှင့် သီရိလင်္ကာ ယူ-၂၀ အသင်းတို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင် မြန်မာအသင်းသည် ပွဲစသည်နှင့် သီရိလင်္ကာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင်ရရှိသည့် ထောင့်ကန်ဘောမှတစ်ဆင့် ပြိုင်ဘက်ကစားသမား မိုဟာမက် မာဇီယာဒ်၏ ကိုယ့်ဂိုးကိုယ် သွင်းမိသည့်

စာမျက်နှာ ၁၅ ကော်လံ ၅ ●

